# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်ထူထောင်ခဲ့သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday 31 January 2019 ၉၅၄၈


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဆေးလ်ဗက်စတာ ဘတ်စ်သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**သံအမတ်ခန့်အပ်လွှာ ပေးအပ်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆေးလ်ဗက်စတာ ဘတ်စ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

**ကြေးမုံ သတင်းအညွှန်း**

**ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ရေးဆွဲဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၆

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆင္ဒမနေ့ကျင်းပ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး**

စာမျက်နှာ » ၇

# ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ် တိုင်းရင်းသားဘာသာ ၅၅ မျိုးဖြင့် ထုတ်ဝေမည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံ ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် မီဒီယာများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

"ကျွန်မတို့ ဒီအခမ်းအနားမှာ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်ကို တိုင်းရင်းသားဘာသာများနှင့် ဘာသာပြန်ထားတာကို ပြသခဲ့ပါတယ်။ ဒီစာအုပ်ကို ဘာကြောင့်ထုတ်ရတာလဲဆိုတော့ ကျွန်မတို့တစ်နိုင်ငံလုံးမှာ ကျန်းမာရေးပညာပေးနေတဲ့ အဖွဲ့အစည်းတွေ အများကြီး ရှိပါတယ်။ ဒီအဖွဲ့တွေ အားလုံးအတွက် စံပြုကိုးကားစရာ မှန်ကန်တဲ့သတင်းအချက်အလက်တွေ

စာမျက်နှာ ၅ ကော်လံ ၁ သို့


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ကောင်းမွန်သည့်အရွေ့တစ်ခုကို ပြိုင်တူတွန်း

နိုင်ငံတစ်နိုင်ငံ၏ ကောင်းမွန်သောအနာဂတ်သည် မျိုးဆက်သစ်ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးနိုင်မှုအပေါ်တွင် မူတည်သည်။ နေပြည်တော်တွင် ဇန်နဝါရီလ ၂၈ ရက်နေ့က ကျင်းပသည့် မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ပြည့်မီရေး အဆင့်မြင့်ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် "ကလေးသူငယ်များ၏ ဘဝအစဖွံ့ဖြိုးမှုကို ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံတော်အတွက် အရေးအကြီးဆုံး၊ တန်ဖိုးအရှိဆုံး အရင်းအမြစ်ဖြစ်သည့် လူသားအရင်းအမြစ်ကို ကောင်းစွာတန်ဖိုးရှိအောင်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးရာရောက်ပါကြောင်း၊ တစ်နည်းအားဖြင့် ထိုသို့ဆောင်ရွက်မှုများသည် သုံးဖြုန်းခြင်းမျိုးမဟုတ်ဘဲ အနာဂတ်အတွက် မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ပါကြောင်း" နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ ကလေးသူငယ်များအား နိုင်ငံ၏အနာဂတ်အတွက် တန်ဖိုးမြင့်မားသော လူသားအရင်းအမြစ်များ ဖြစ်လာစေရေးအတွက် ကလေးသူငယ်ဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များကို ဦးစားပေးဖော်ဆောင်နေသည်ကို တွေ့ရသည်။ ကလေးသူငယ်အရေးသည် နိုင်ငံအနာဂတ်အတွက် အထူးအရေးကြီးသည်ကို ဆိုင်ရာတို့က သိရှိနားလည်ထားကြသော်လည်း မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံမှုမပြုကြသဖြင့် မျှော်မှန်းသလောက် ခရီးမပေါက်ခဲ့သည်ကို တွေ့ရမည်။

ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်အရေးအတွက် ကလေးသူငယ်များအား စနစ်တကျ ပျိုးထောင်နိုင်ရန် အဆိုပါအဆင့်မြင့်ဖိုရမ်ဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက် ပြည့်မီရေးဆိုင်ရာ ဦးစားပေးဆောင်ရွက်ရမည့် မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အချက်ငါးချက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမဟာဗျူဟာကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အများပြည်သူသို့ မိတ်ဆက်ဖြန့်ချိ မျှဝေအသိပေးခဲ့ပြီးဖြစ်သည်။ အဆိုပါကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များမှာ ပြည့်စုံကောင်းမွန်ပြီး လက်တွေ့ကျကျအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် မိဘများ၊ ဆရာ ဆရာမများသာမက သက်ဆိုင်ရာဌာနပေါင်းစုံတို့က ပေါင်းစပ်ချိတ်ဆက် အကောင်အထည်ဖော်သွားကြရမည် ဖြစ်သည်။

မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ မြန်မာနိုင်ငံရှိ ကလေးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့် နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်ပြီး လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အတွက် ကောင်းမွန်သည့်အရွေ့တစ်ခုကို ဖန်တီးရာတွင် မဟာဗျူဟာ၏လားရာကို သဘောပေါက်နားလည်ဖို့ လိုအပ်သကဲ့သို့ ပြိုင်တူတွန်းနိုင်ဖို့ လိုအပ်ကြောင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါ အဆင့်မြင့်ဖိုရမ်တွင် တိုက်တွန်းပြောကြားခဲ့သည်။

မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကမ္ဘာဆိုင်ရာစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများသည် အလွန်အရေးကြီးသည်။ ထိုစီမံကိန်းများအား လိုအပ်ချက်တစ်မျိုးတည်းကို ရှေးရှုဆောင်ရွက်ခြင်းမျိုးမပြုလုပ်ဘဲ အကောင်အထည်ဖော်နိုင်ရန် ဖြစ်နိုင်ခြေရှိသည့် လက်တွေ့ကျသည့်စီမံချက်များကို သက်ဆိုင်ရာတို့က နှစ်စဉ်စီမံကိန်းများဖြင့် အချိတ်အဆက်မိမိ ဆက်စပ်စဉ်းစားဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ကလေးသူငယ်များ၏ အနာဂတ်ကို ကမ္ဘာ့ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ် ဆွေးနွေးမှုများပြုလုပ်ပြီး ကလေးငယ်များ မွေးဖွား၊ သေဆုံးခြင်းမှအစ ကျန်းမာရေး၊ ပညာသင်ကြားရေး၊ ဘဝနွေးထွေးလုံခြုံမှုရှိစေရေး၊ သာတူညီမျှရှိရေး၊ အကာအကွယ်ပေးရေး၊ အနာဂတ်ဘဝသာယာဝပြောရေး စသည်တို့ကို အစိုးရ၊ ပုဂ္ဂလိက၊ ကမ္ဘာ့အသီးသီးတွင် အားလုံးပါဝင်၍ အားနည်းချက်၊ လိုအပ်ချက်များကို အတူတကွဖြေရှင်းပြီး အားသာချက်များကို ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကောင်းမွန်သည့်အရွေ့တစ်ခုကို ပြိုင်တူတွန်းလျှင် ရွေ့နိုင်သကဲ့သို့ နိုင်ငံ၏အနာဂတ်ကို ပုံဖော်ထုဆစ်နိုင်သော ကလေးသူငယ်များ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဉာဏ်ရည်၊ ဉာဏ်သွေးပြည့်မီရေးကို အလေးပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မှန်ကန်စွာ ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပမှ မှန်ကန်စွာ နားလည်သိမြင်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး စသည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian Schmidt အား လက်ခံတွေ့ဆုံစဉ်။

# ဆားဘီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ



**ရန်ကုန် ဇန်နဝါရီ ၃၀**

ဆားဘီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivica Dacic ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ဆားဘီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဆားဘီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Miodrag Nikolin နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၃၀**

ရန်ကုန်(ရွှေဈေး) ၁၀၆၀၅၀၀ - ၁၀၆၀၅၀၀ မန္တလေး(ရွှေဈေး) ၁၀၆၀၅၀၀ - ၁၀၆၀၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၀၅ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၀/၉၀၀ ကျပ် | ၉၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၅/၈၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၅/၈၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၀/၆၈၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၄၁.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၆.၆၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၄၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၀.၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၀၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၃.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၂၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၄.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၆.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားက ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ အိန္ဒိယသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေး အိမ်အခြေပြု မှိုစိုက်ပျိုးရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**



ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရန် အိမ်အခြေပြု မှိုစိုက်ပျိုးရေးစီမံချက် မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ပံ့ပိုးမှုများ စတင်ဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးဖော်ဆောင်ရေးနှင့် ကာကွယ်ပေးနိုင်သော ဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်၍ မသန်စွမ်းသူများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးမှုသည် ပိုမိုပီပြင်ကာ မျှော်မှန်းထားသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးသည် လူမှုသဟဇာတဖြစ်ရေး၊ ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတို့နှင့် ဆက်စပ်နေပါကြောင်း။

မသန်စွမ်းသူများနှင့် စပ်လျဉ်း၍ စွမ်းနိုင်သမျှစွမ်းအောင် ကြိုးစားဆောင်ရွက်ရန်နှင့် ထောက်ပံ့ရန် လိုအပ်ပါကြောင်း၊ ငွေကြေးပံ့မှန်ထောက်ပံ့ပေးရုံသာမက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့တွင် စွမ်းဆောင်ရည်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်ရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်ပေးနိုင်ခြင်းသည် အလွန်အရေးကြီးကြောင်း၊ ဝန်ကြီးဌာနမှ မသန်စွမ်းသူများနှင့်စပ်လျဉ်း၍ ကူညီပံ့ပိုးပေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးထောက်ပံ့မှုဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မသန်စွမ်းသူများ၏ အမည်စာရင်းကောက်ယူပြီး ကနဦးပံ့ပိုးမှုလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရ၏ ဆောင်ရွက်မှုများအပြင် ပြင်ပအဖွဲ့အစည်းများ၏ ပါဝင်မှုသည် အရေးကြီးပါကြောင်း၊ ရွှေမင်းသားဖောင်ဒေးရှင်းအနေဖြင့် မသန်စွမ်းသူများအတွက် အဘက်ဘက်မှ နည်းလမ်းပေါင်းစုံဖြင့် ပိုမိုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ရွှေမင်းသားဖောင်ဒေးရှင်း၏ မှိုလုပ်ငန်းစီမံချက် ဆောင်ရွက်ခြင်းသည် နည်းပညာဖြင့် ဆောင်ရွက်မှုဖြစ်ပြီး မသန်စွမ်းသူများအတွက် ထိရောက်သော အလုပ်အကိုင် ဖန်တီးပေးမှုဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

မသန်စွမ်းသူများအတွက် မှိုစိုက်ပျိုးရေးသင်တန်းကို နိုင်ငံတော်အစိုးရ၊ APCD ဖောင်ဒေးရှင်းနှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ရောဝတီတိုင်းဒေသကြီးတွင် ၂၀၁၈ ခုနှစ် မေ ၂၉ ရက်မှ ယခုအချိန်ထိ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**အကျိုးခံစားခွင့်ရရှိမည်**

အိမ်အခြေပြု မှိုစိုက်ပျိုးရေးစီမံချက်သည် မသန်စွမ်းသူများအနေဖြင့် ဝင်ငွေတိုးစေမည့် အသက်မွေးဝမ်းကျောင်းသင်တန်း ဖြစ်သည်။ သင်တန်းမှတစ်ဆင့် တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်အိမ်တွင်း မှိုစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် တစ်နှစ်စီမံချက်ဖြစ်၍ မသန်စွမ်းသူများနှင့် မသန်စွမ်းမိသားစုဝင် ၁၃၂ ဦးခန့်နှင့် စီမံကိန်းနယ်မြေအတွင်းရှိ မှိုစိုက်ပျိုးသူ ရှစ်ဦးခန့်တို့ကို တိုက်ရိုက်အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပြီး မသန်စွမ်း မိသားစုဝင် ၇၀၀ ခန့်ကိုလည်း သွယ်ဝိုက်၍ အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါစီမံချက်ကို ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ရေကြည်၊ ဓနုဖြူနှင့် ဟင်္သာတမြို့နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်း၏ မျှော်မှန်းရလဒ်များဖြစ်သည့် မသန်စွမ်းသူများ၏ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများ၏ ပါဝင်မှုကို မြှင့်တင်ခြင်းဖြင့် စီးပွားရေးဆိုင်ရာလုပ်ဆောင်မှုများတွင် မသန်စွမ်းသူများ၏ ထုတ်လုပ်စွမ်းအားရှိသော လူသားအရင်းအမြစ်များအဖြစ် အသိအမှတ်ပြုလာစေခြင်း၊ မသန်စွမ်းသူများ၏ ကိုယ်ပိုင်ယုံကြည်မှု၊ ကိုယ်ပိုင်ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကို လေးစားမှုတိုးမြှင့်လာစေခြင်း၊ အစိုးရဝန်ကြီးဌာနများနှင့် မသန်စွမ်းအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄ / ၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

**ကချင်ပြည်နယ်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးနေဝင်းကို ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကချင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅ / ၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

**ကချင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်ကျော်ဝင်း | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဦးလဆိုင်း | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃) | ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ် | စည်ပင်သာယာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဖျာပုံ၌ မူလတန်းကြိုကလေးငယ်များအတွက် စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ဖျာပုံ ဇန်နဝါရီ ၃၀**

ဖျာပုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဖျာပုံခရိုင် မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အဖွင့်အမှာစကားပြောကြားပြီး အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ခေါင်းဆောင် ဖျာပုံ လူမှုဝန်ထမ်း မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့များရှိ မူလတန်းကြိုကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်း၊ ကဗျာရွတ်၊ ပုံပြော၊ အားကစားပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဉာဏပြိုင်ပွဲအမျိုးအစား ငါးခု၊ အားကစားပြိုင်ပွဲအမျိုးအစား ငါးခု ထည့်သွင်းကျင်းပပေးခဲ့ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Apirat Kongsompong အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ် အကြား ခိုင်မြဲသောဆက်ဆံရေးရရှိထားသည့် အခြေအနေ၊ ဆက်လက်၍ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲအောင် ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် စိတ်တူကိုယ်တူ ဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် တပ်မတော်၏ထုတ်ပြန်ချက်ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်နိုင်ရန် လမ်းဖွင့်ဖိတ်ခေါ်ထားသည့်အခြေအနေ၊ မူးယစ်ဆေးဝါးတားဆီး ကာကွယ်နှိမ်နင်းရေးတွင် ပူးပေါင်း ဆောင်ရွက်နေမှုအခြေအနေ၊ ယဉ်ကျေးမှုဆိုင်ရာများ ဖလှယ်ခြင်းနှင့် အားကစားနှင့် ဆေးဘက်ဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Apirat Kongsompong အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည်။**(အောက်ပုံ)**



ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူး ကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီး ချုပ် General Apirat Kongsompong တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ ကို စစ်ဆေးသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ထိုင်းဘုရင့် တပ်မတော်ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော်အရာရှိ ကြီးများအား အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် ကြည်း တပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေး သည်။

ထိုသို့တွေ့ဆုံရာတွင် ကြာရှည်စွာရှိခဲ့သည့် ချစ်ကြည် ရင်းနှီးမှုများကို စဉ်ဆက်မပြတ် ပိုမိုတိုးတက်ခိုင်မာအောင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတစ်လျှောက်တွင် မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးများပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ တားဆီးနှိမ်နင်းနိုင်ရေး အတွက် သတင်းအချက်အလက်များ ဖလှယ်ရေး၊ လူကုန် ကူးမှုများအား ပူးပေါင်းတားဆီးဆောင်ရွက်နိုင်ရေး၊ တပ်မတော်နှစ်ရပ်ကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ တွင် ပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ်သည် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် နှင့်အဖွဲ့အား နေပြည်တော်ရှိ Aureum Place Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးအတွက် ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) အကောင်အထည်ဖော်မှုတွင် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိ သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**






# လွတ်လပ်သောစုံစမ်း စစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ သမိုင်းပညာရှင် ဒေါက်တာ သန့်မြင့်ဦး၊ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့်အဖွဲ့အား သီးခြားစီတွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၃၀**

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပလျက်ရှိသည်။

အစည်းအဝေး ဒုတိယနေ့(ယနေ့) နံနက် ၁၀ နာရီခွဲတွင် လွတ်လပ်သောစုံစမ်း စစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များသည် သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ဦးဆောင်သော ကော်မရှင် အဖွဲ့ဝင်များ**(ဝဲပုံ)**နှင့်လည်းကောင်း ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။ **သတင်းစဉ်**

# (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်ဆို အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

(ယမန်နေ့မှအဆက်)

**ဝိနယဓရ (၂၅) ပါးအဆက်**

**၁၉။** ပလ္လင်အမှတ် (၈၂) အရှင်နန္ဒကာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၉)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

**၂၀။** ပလ္လင်အမှတ် (၈၈) အရှင်သောမသာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ (၉)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

**၂၁။** ပလ္လင်အမှတ် (၉၂) အရှင်လာဘသာမီလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၂၂။** ပလ္လင်အမှတ် (၉၅) အရှင်ထာဝရာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၂၃။** ပလ္လင်အမှတ် (၉၆) အရှင်ပညာသာရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၂၄။** ပလ္လင်အမှတ် (၉၇) အရှင်အာလောက၊ အသက် (၂၈)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၂၅။** ပလ္လင်အမှတ် (၁၀၁) အရှင်ဝိသုတာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ(၅)ဝါ မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့ စစ်ကိုင်း တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၄၄) ပါး**

**၁။** ပလ္လင်အမှတ် (၁၀၇) အရှင်ပညာသိရီ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၃)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၂။** ပလ္လင်အမှတ် (၁၁၀) အရှင်ဩဘာသာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၃။** ပလ္လင်အမှတ် (၁၁၃) အရှင်တေဇနိယ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၄။** ပလ္လင်အမှတ် (၁၁၅) အရှင်အာစာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၅။** ပလ္လင်အမှတ် (၁၁၆) အရှင်ပညာသာမိ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၆။** ပလ္လင်အမှတ် (၁၁၇) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၇။** ပလ္လင်အမှတ် (၁၂၁) အရှင်အာစာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၈။** ပလ္လင်အမှတ် (၁၂၇) အရှင်ဉာဏဓဇ (ခင်ဦး)၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၉။** ပလ္လင်အမှတ် (၁၂၈) အရှင်ဝိသုတ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၁၀။** ပလ္လင်အမှတ် (၁၂၉) အရှင်တိလောက (မြင်းမူ)၊ အသက် (၂၉)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၁၁။** ပလ္လင်အမှတ် (၁၃၁) အရှင်အာဒိစ္စ(မြို့သစ်)၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၁၂။** ပလ္လင်အမှတ် (၁၃၃) အရှင်သိရီဉာဏာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၁၃။** ပလ္လင်အမှတ် (၁၃၅) အရှင်တေဇနိယ(ကျောက်တန်း)၊ အသက်(၂၇) နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၁၄။** ပလ္လင်အမှတ် (၁၃၇) အရှင်အစ္ဆရိယာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်းရွာ၊ စစ်ကိုင်းမြို့နယ် စစ်ကိုင်း တိုင်းဒေသကြီး

**၁၅။** ပလ္လင်အမှတ် (၁၃၈) အရှင်သောဘိတ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၁၆။** ပလ္လင်အမှတ် (၁၃၉) အရှင်ပညာနန္ဒ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၁၇။** ပလ္လင်အမှတ် (၁၄၀) အရှင်ဣန္ဒကာလင်္ကာရ(နတ်မောက်)၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၁၈။** ပလ္လင်အမှတ် (၁၄၂) အရှင်ဓမ္မောသဓာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ တောရကျောင်း၊ သူငယ်တော်ရွာ၊ တံတားဦးမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး

**၁၉။** ပလ္လင်အမှတ် (၁၄၄) အရှင်ဣန္ဒာစာရ၊ အသက်(၂၁)နှစ်၊ သိက္ခာ (၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၂၀။** ပလ္လင်အမှတ် (၁၄၅) အရှင်ကဝိန္ဒာစာရာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၄)ဝါ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ကလေးမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၂၁။** ပလ္လင်အမှတ် (၁၄၆) အရှင်တေဇနိယ(ဇန်းမောက်)၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၂၂။** ပလ္လင်အမှတ် (၁၄၇) အရှင်ပညာဇောတ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၂၃။** ပလ္လင်အမှတ် (၁၅၅) အရှင်ရာဇိန္ဒ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၀)ဝါ မဟာဝတ္ထုကံကျောင်းတိုက်၊ မော်လမြိုင်ကျွန်းမြို့ ဧရာဝတီတိုင်းဒေသကြီး

**၂၄။** ပလ္လင်အမှတ် (၁၅၇) အရှင်သောဘန(တောင်သာ)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၂၅။** ပလ္လင်အမှတ် (၁၅၉) အရှင်နန္ဒောဘာသ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ သာသနာ့လင်းရောင်ကြည်ပရိယတ္တိစာသင်ကျောင်းတိုက်၊ ပဲခူးမြို့ ပဲခူးတိုင်း ဒေသကြီး

**၂၆။** ပလ္လင်အမှတ် (၁၆၆) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၂၇။** ပလ္လင်အမှတ် (၁၇၂) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး

**၂၈။** ပလ္လင်အမှတ် (၁၇၄) အရှင်စန္ဒောဘာသ(ရွှေဘို)၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၂၉။** ပလ္လင်အမှတ် (၁၈၁) အရှင်ကုသလာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ သာမဏေကျော်စာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး

**၃၀။** ပလ္လင်အမှတ် (၁၈၂) အရှင်ဥက္ကံသာလင်္ကာရ၊ အသက် (၂၂)နှစ်၊ သိက္ခာ (၁)ဝါ သာမဏေကျော်စာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ပဲခူးတိုင်း ဒေသကြီး

**၃၁။** ပလ္လင်အမှတ် (၁၈၅) အရှင်ရေဝတ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်း တိုင်းဒေသကြီး

**၃၂။** ပလ္လင်အမှတ် (၁၈၇) အရှင်အာဒိစ္စ(မြိုင်)၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်း မြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၃၃။** ပလ္လင်အမှတ် (၁၉၀) အရှင်သုဇာတ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်း မြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၃၄။** ပလ္လင်အမှတ် (၁၉၇) အရှင်နန္ဒဝံသာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၃၅။** ပလ္လင်အမှတ် (၁၉၉) အရှင်ကဝိစာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၃၆။** ပလ္လင်အမှတ် (၂၀၆) အရှင်သုမနာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်းရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး

**၃၇။** ပလ္လင်အမှတ် (၂၀၇) အရှင်ဝိမလ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၆)ဝါ ပိဋကသုံးပုံနိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့ သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး

**၃၈။** ပလ္လင်အမှတ် (၂၀၉) အရှင်ကာရုည၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၃၉။** ပလ္လင်အမှတ် (၂၁၃) အရှင်ရာဇဗလ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ ညောင်ရမ်းပါဠိတက္ကသိုလ်၊ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းကျောင်း တိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**၄၀။** ပလ္လင်အမှတ် (၂၁၄) အရှင်ကောဝိဒ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကလင်္ကာရသာမဏေကျော်စာသင်တိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်း ဒေသကြီး

**၄၁။** ပလ္လင်အမှတ် (၂၁၅) အရှင်တေဇာနန္ဒ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

**၄၂။** ပလ္လင်အမှတ် (၂၁၆) အရှင်သဉ္ဇီဝ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၅)ဝါ ဆင်ဖြူစာသင်တိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

**၄၃။** ပလ္လင်အမှတ် (၂၁၇) အရှင်ခေမာနန္ဒ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**၄၄။** ပလ္လင်အမှတ် (၂၁၈) အရှင်ပညာသိရီလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၄)ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်း ဒေသကြီး

---

✪ ရှေ့ဖုံးမှ

တစ်ပြေးညီရဖို့အတွက် ရည်ရွယ်ထုတ်ဝေခဲ့တာဖြစ်ပါတယ်”ဟု ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြား ရေးမှူး ဒေါက်တာဒေါ်ဖြူဖြူအေးက ပြောသည်။

**ဖြန့်ဝေပေးသွားမည်**

အဆိုပါ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်ကို ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ထုတ်ဝေသွားရန် မိတ်ဆက်ခဲ့ကြောင်း၊ မြန်မာဘာသာဖြင့်ထုတ်ဝေထားသော ယင်းစာအုပ်ကို တိုင်းရင်းသားဘာသာစကားများဖြင့် ထုတ်ဝေရန် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန နှင့် အလုပ်ရုံဆွေးနွေးပွဲကို နှစ်ကြိမ်တိုင်ကျင်းပခဲ့ကြောင်း၊ ယင်းညှိနှိုင်းဆောင် ရွက်မှုအရ မြန်မာနိုင်ငံတွင် ရေးလို့ရသော တိုင်းရင်းသားဘာသာ ၅၅ မျိုး ရှိသည့်အနက် ဘာသာပေါင်း ၅၀ ကို မြန်မာဘာသာမှ တိုင်းရင်းသားဘာသာများ သို့ ဘာသာပြန်ထားပြီးဖြစ်ကြောင်း၊ ဘာသာစကား ငါးမျိုးသာ ဘာသာပြန်ဆိုရန် ကျန်ရှိတော့ကြောင်း၊ ဘာသာစကား ၁၂ မျိုး ပုံနှိပ်ထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာအလိုက် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက ဘာသာပြန်ဆို ခဲ့ကြောင်း၊ ပုံနှိပ်ပြီးစာအုပ်များကို အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ နောက်အကျဆုံး မတ်လနောက်ဆုံးထားပြီး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြုစုတင်ပြ**

သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားများဖြင့် ဘာသာပြန်ဆိုထား သော ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များစာအုပ်ကို တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးရှိ ဆေးရုံ၊ ဆေးခန်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ယင်း စာအုပ်တွင် အခန်း ၁၅ ခန်းပါဝင်ပြီး မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး၊ ကာကွယ်ဆေးထိုးလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး၊ ဆယ်ကျော်သက် လူငယ်ကျန်းမာဖွံ့ဖြိုးရေး၊ မိခင်နှင့်မျိုးဆက်ကျန်းမာရေး၊ ကူးစက်နိုင်သောရောဂါများ၊ မကူးစက်နိုင်သောရောဂါများ၊ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုဘဝပုံစံများ၊ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက် မှု၊ သဘာဝဘေးအန္တရာယ်၊ တိုင်းရင်းဆေး၊ အားကစားနှင့်ကာယပညာ၊ အစား အသောက်နှင့်ဆေးဝါး စသောအကြောင်းအရာများကို ကဏ္ဍအလိုက် ပြည့်စုံ စွာ ရေးသားဖော်ပြထားသဖြင့် ပြည်သူ့ကျန်းမာရေးလက်စွဲသဖွယ် အသုံးဝင် အောင် ပြုစုတင်ပြထားသည်။

**မြင့်မောင်စိုး**

# ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ရေးဆွဲဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ ၁ ခု တင်သွင်းခြင်းနှင့် အဆို ၁ ခုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ၏ သဘောတူညီချက်များအရ နိုင်ငံတော်သမ္မတမှ ခန့်အပ်ခွင့်ရှိ

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **လူဦးရေ၊ အမှုဖြစ်မှုနှုန်းနှင့် ခန့်အပ်သော တရားသူကြီးအချိုး ကွာဟချက်များသည့်တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားသူကြီးများ ထပ်မံဖြည့်စွက်ခန့်ထားရန် အစီအစဉ်ရှိ၊ မရှိနှင့် လောလောဆယ် ဖြည့်စွက်ခန့်ထားရန် အခက်အခဲများရှိပါက လူဦးရေ၊ အမှုဖြစ်မှုနှုန်းနှင့် ခန့်အပ်ထားသည့် တရားသူကြီးအချိုးနည်းသည့် တိုင်းဒေသကြီး၊ ပြည်နယ်သို့ အချိုးများသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အတတ်နိုင်ဆုံး ညီမျှအောင် စီမံဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များသည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းကာ မိမိတို့ ပြည်နယ်၊ တိုင်းဒေသကြီး၏ လူဦးရေ၊ အမှုဖြစ်ပွားသည့်နှုန်းများနှင့်အညီ ကိုင်တွယ်စီရင်ဆုံးဖြတ်နိုင်ရန်အတွက် သင့်မြတ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ၏ သဘောတူညီချက်များအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဋ္ဌာန်းကန့်သတ်သည့် အရေအတွက်အတွင်း နိုင်ငံတော်သမ္မတမှ ခန့်အပ်ခွင့်ရှိပါကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ခန့်အပ်ခွင့်မရှိသဖြင့် ဖြည့်စွက်ခန့်ထားရန် အစီအစဉ်မရှိပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ သက်ဆိုင်ရာလွှတ်တော်တို့၏ အဆိုပြုညှိနှိုင်းချက်၊ သဘောတူညီချက်တို့ဖြင့် နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများအဖြစ် ထမ်းဆောင်ရန် ခန့်အပ်ပြီး ယင်းတို့၏ စရိတ်ချီးမြှင့်ငွေနှင့် အဆောင်အယောင်များကိုလည်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှပင် ကျခံသုံးစွဲရသည်ဖြစ်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အဆိုပါ ပြည်နယ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအား အခြားပြည်နယ်၊ တိုင်းဒေသကြီးများသို့ အချိုးအစားညီမျှစေရန် (ပြောင်းရွှေ့ခြင်း၊ ယာယီတာဝန်ပေးအပ်ခြင်း)စသည့် အစီအမံများကို ဆောင်ရွက်ခွင့်မရှိပါသဖြင့် ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## အမှုပွဲစား၊ နယ်စားရှေ့နေဆိုသူများနှင့်စပ်လျဉ်း၍ တရားရုံးသို့ ဖော်ထုတ်တင်ပြတိုင်ကြားနိုင်

ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၏ **တရားရုံးများတွင် အမှုပွဲစားများ ပပျောက်ရေးကို မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ တရားရုံးများတွင် အမှုပွဲစားများ ကျက်စားလေ့ရှိခြင်းကြောင့် တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းမှုမရှိစေရန်အလို့ငှာ ယင်းတို့၏ မမှန်ကန်သောလုပ်ရပ်များကို ဖော်ထုတ်အရေးယူရန် လိုအပ်လျက်ရှိပါကြောင်း၊ တရားရုံးများတွင် ကျင်လည်ကျက်စားနေသော အမှုပွဲစားများ၊ နယ်စားရှေ့နေများကိုစွဲ ဖော်ထုတ်အရေးယူရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယခင်ကတည်းက ညွှန်ကြားချက်၊ ကြေညာချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် တရားရုံးသို့ ဆက်သွယ်ရောက်ရှိလာကြသူများကလည်း အမှုပွဲစား၊ နယ်စားရှေ့နေဆိုသူများနှင့်စပ်လျဉ်း၍ တရားရုံးသို့ ဖော်ထုတ်တင်ပြတိုင်ကြားနိုင်ပါကြောင်း၊ တရားရုံးက လက်ခံကျေနပ်ဖွယ်ရာ သက်သေထင်ရှားရှိကြောင်း စုံစမ်းတွေ့ရှိရပါက ၎င်း၏အမည်ကို အမှုပွဲစား အမည်စာရင်းထည့်သွင်းခြင်း၊ ထုတ်ပြန်ကြေညာခြင်းနှင့် ဥပဒေအရ အရေးယူမှုများ ပြုလုပ်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## နိုင်ငံသားလက်မှတ် ကိုင်ဆောင်သူများကိုသာ အလုပ်သင်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြု

ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၏ **ဥပဒေတွဲရရှိပြီး ပုဂ္ဂိုလ်များ ရှေ့နေအလုပ်သင်အဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားရာတွင် နိုင်ငံသားပြုခွင့်ရ နိုင်ငံသားများနှင့် ဧည့်နိုင်ငံသား ဥပဒေတွဲရများအား ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ အပိုဒ်(၃)အရ ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့် မပြုကြောင်း သိရှိရပါသဖြင့် ထိုသို့တင်သွင်းခွင့်မပြုသည့်အတွက် ယင်းဥပဒေတွဲရများမှာ နစ်နာဆုံးရှုံးနေကြရပါသဖြင့် ၎င်းတို့အတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကိုသိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်က ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ အပိုဒ် (၃)ပါ ပြည်ထောင်စုမြန်မာနိုင်ငံသား မဟုတ်သူ မည်သူကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ၊ စာရင်းတင်သွင်း ခြင်းလည်း မပြုရဟူသော ပြဋ္ဌာန်းချက်သည် တည်ဆဲနည်းဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူများကိုသာ အလုပ်သင်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း။



ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်



ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစော

ထို့အပြင် ဧည့်နိုင်ငံသားများအား အလုပ်သင်ရှေ့နေအဖြစ် လျှောက်ထားခွင့်နှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုတို့တွင်လည်း အလုပ်သင်ရှေ့နေ လျှောက်ထားခွင့်မရှိကြောင်းကို စိစစ်လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများက ရှေ့နေအလုပ်သင်အဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားခြင်းကို ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေအရ ဆောင်ရွက်ခွင့်မရှိခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း၊ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးထွန်းလင်းမော်နှင့် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးနိုင်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီမှ ကော်မတီဝင် ဦးမြစိန်က အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းကို တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာအား ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို တင်သွင်းသည့် **လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြှင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေးပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက အရည်အသွေးမြင့် သီးနှံများထွက်ရှိရန် စတင်ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့မှုအစ စနစ်တကျ နည်းပညာသုံး ခေတ်မီစက်ယန္တရားများနှင့် ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ ကြိတ်ခွဲရာတွင်လည်း အဆင့်မြင့်ကြိတ်ခွဲစက်များနှင့် ကြိတ်ခွဲရန် လိုအပ်ပါကြောင်း၊ အဆင့်မြင့်ဆန်စက်များ ကြိတ်ခွဲထုပ်ပိုးစက်များလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ မွေးမြူရေးထုတ်ကုန်သားငါးများအတွက်လည်း အရင်းအနှီး၊ နည်းပညာနှင့် အဆင့်မြင့်စက်ရုံများ တည်ဆောက်ရင်းနှီးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်ရန် လိုအပ်ချက်အချို့မှာ ငွေကြေးအရင်းအနှီး၊ အတိုးနှုန်းသက်သာသည့် နှစ်ရှည်၊ နှစ်လတ် ချေးငွေများရရှိရန်တို့ ဖြစ်ပါကြောင်း၊ သို့မှသာ အဆင့်မြင့်စက်ကိရိယာများ ဝယ်ယူထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ စက်ကိရိယာများ ဝယ်ယူရန်အပြင် သီးနှံသိုလှောင်ရုံများလည်း တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ နည်းပညာမြင့်မှသာ ထုတ်ကုန်များလည်း မြင့်လာနိုင်ပါကြောင်း၊ ကုန်ချောအဆင့်မြင့်ထုတ်နိုင်ရန် စက်ကိရိယာအပြင် နည်းပညာပါမြင့်ရန် လိုပါကြောင်း၊ နည်းပညာရရှိရေး ကြိုးပမ်းဖြည့်ဆည်းပေးသင့်ပါကြောင်း၊ စပါးမထွက်သည့် လယ်ယာမြေများမှာ ငါး၊ ပုစွန် မွေးမြူခွင့်၊ အခြားနည်းသုံးစွဲခွင့်များ ခွင့်ပြုပေးရန် လိုအပ်ပါကြောင်း ထောက်ခံတင်ပြသည်။

ဆက်လက်၍ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၊ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာဦးတင်အောင်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်းနှင့် ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ(NES) ကို ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ကုန်ဦးဆောင်သည့် စီးပွားရေးတိုးတက်မှုပုံစံရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် လေ့လာဆန်းစစ်ပြီး ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်လတ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်လတ်စီမံကိန်းတွင် မဏ္ဍိုင် ၅ ရပ်ပါဝင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်အမည်စုံ တင်ပို့ရေးသည် အဓိကကဏ္ဍတစ်ရပ်ပါဝင်ပါကြောင်း။

## အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများကို ကုန်သွယ်မှုဗဟိုဌာနမှတစ်ဆင့် လေ့လာစိစစ်ပြီး ပြည်ပဈေးကွက် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံ၏အဓိကထွက်ကုန်သည် တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့နိုင်မှုတို့အတွက် ပြည်ပလုပ်ငန်းရှင်များကိုလည်း အားပေးဆောင်ရွက်လျက်ရှိရာ ငွေကြေးအရင်းအနှီးနှင့် နည်းပညာရရှိရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ယင်းဝန်ကြီးဌာနသည် နိုင်ငံတကာတွင် တာဝန်ပေးထားသည့် စီးပွားရေးသံမှူးများမှတစ်ဆင့် ဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှုရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် ပြည်ပပို့ကုန်အဖြစ် အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများကိုလည်း ကုန်သွယ်မှုဗဟိုဌာနမှတစ်ဆင့် လေ့လာစိစစ်ပြီး စီးပွားရေးသံမှူးများ၊ ကုန်သွယ်ရေးအရာရှိများထံ ပေးပို့ပြီး ပြည်ပဈေးကွက်ဖော်ဆောင်နိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဈေးကွက်ရရှိရေး၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသပြီး ဈေးကွက်ထိုးဖောက်ရေးနည်းလမ်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုရှင်တင်ပြထားသည်နှင့်ပတ်သက်၍ ကဏ္ဍများချိတ်ဆက်ပေါင်းစပ် ပါဝင်ဆောင်ရွက်သကဲ့သို့ အကောင်အထည်ဖော်မှုအပိုင်းတွင်လည်း အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် ရှိရင်းစွဲ နည်းပညာ၊ ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံပြီး ဆောင်ရွက်နေသည့်အလျောက် ယင်းအခြေခံများ ပိုမိုတိုးတက်ပြည့်စုံလာသည်နှင့်အမျှ အဆိုပါလုပ်ငန်းစဉ်တစ်ရပ်သည် အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မိမိဝန်ကြီးဌာနမှ ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြှင့်ကုန်ပစ္စည်းများဖြစ်လာစေရန် ပြည်တွင်း၌သာ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ပြီး နိုင်ငံတကာကို ဈေးကွက်ချဲ့ထွင်နိုင်ရေး ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများ၊ ချေးငွေများ အထောက်အပံ့ရရှိမှု၊ နည်းပညာလိုအပ်ချက်၊ လူ့စွမ်းအားအရင်းအမြစ်၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ခေတ်မီအခြေခံအဆောက်အအုံများ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်လျက်ရှိသေးသည့်အခြေအနေဖြစ်သောကြောင့် ယခုလို အခြေအနေမျိုးတွင် အဆိုသည် မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်ဆဲလုပ်ငန်းရပ်ကို အားဖြည့်ထောက်ကူမှုပြုနေသည့်အတွက် အဆိုအားအတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုအားအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇန်နဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

### နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ပတ်သက်သည့် မေးခွန်းများဖြေကြား

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်၏ **ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ လုံသာရ်ကျေးရွာနှင့် ဒွမ်ဗားကျေးရွာအကြား ကျေးရွာချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် ကျေးရွာချင်းဆက်လမ်းနှင့် ပတ်သက်၍ နယ်မြေကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့သည့်အချိန်တွင် ကျေးရွာချင်းဆက်လမ်းသည် အရှည် ၁၁ မိုင်ရှိပြီး လူသွားလမ်းအဆင့်သာရှိသည့် လမ်းဖြစ်ကြောင်းနှင့် အကျိုးပြုကျေးရွာ နှစ်ရွာ၊ အိမ်ထောင်စု ၁၅၈ စု၊ လူဦးရေ ၇၉၀ တို့အား အကျိုးပြုမည်ဖြစ်ကြောင်းကို စိစစ်သိရှိရပါကြောင်း၊ အဆိုပါလုပ်ငန်းအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်ချက်နှင့် ဖြစ်နိုင်ခြေအပေါ် ဆန်းစစ်ပြီး ဦးစားပေးအလိုက် ရန်ပုံငွေ စိစစ်ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းတွင် သင့်တော်ရာ ဘဏ္ဍာရေးနှစ်မှစတင်၍ အပိုင်းအလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် ရေးမြို့နယ် ကုလားကုတ်ကျွန်းရှိ အောက်ဆိပ်၊ အလယ်ဆိပ်နှင့် အပေါ်ဆိပ်တို့ကို ဆက်သွယ်ထားသော မြေနီလမ်း ခြောက်မိုင် နှစ်ဖာလုံကို ရာသီမရွေး သွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရေးမြို့နယ်၊ ကုလားကုတ်ကျွန်းရှိ အောက်ဆိပ်၊ အလယ်ဆိပ်နှင့် အပေါ်ဆိပ်တို့ကို ဆက်သွယ်ထားသည့် မြေနီလမ်းကို ကွန်ကရစ်လမ်းအဖြစ် လတ်တလော ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း၊ သို့သော် မွန်ပြည်နယ် အစိုးရအဖွဲ့မှစိစစ်ပြီး ဦးစားပေးအစီအစဉ်အလိုက် တင်ပြလာပါက ပြည်ထောင်စု(သို့မဟုတ်) ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး တတိယငါးနှစ်စီမံကိန်းတွင် ရန်ပုံငွေဝင်ဆံ့မှုအပေါ် မူတည်၍ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဂူ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးနှင့် ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးထိန်ဝင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)
ဦးရှန်အောရ်

တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်က အခန်း (၁) အပိုဒ် ၃၊ အပိုဒ်ခွဲငယ် (ည) တွင် သင်တန်းကျောင်းဆိုသည်မှာနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပေါ်တွင် ဖြည့်စွက်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းကျောင်းဆိုသည်မှာ ဤဥပဒေအရ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် (သို့မဟုတ်) ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကလေးသူငယ်၏ ဖွံ့ဖြိုးရေးအစွမ်းအစကို မြှင့်တင်ပေးရန် တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုလိုသည်ဟု ဖြည့်စွက်လိုပါကြောင်း။

အပိုဒ်ခွဲငယ် (ပ) တွင် ခွဲခြားဆက်ဆံခြင်းနှင့်ပတ်သက်၍ ဘဝပေးအခြေအနေအရ ဖြစ်တည်လာသည့် ကလေးသူငယ်၏ စိတ်ပိုင်းဆိုင်ရာ အနေအထားတစ်ရပ်ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းကြောင့် ကလေးသူငယ်၏ ဖွံ့ဖြိုးမှုကို အဟန့်အတားမဖြစ်စေရန်အတွက် ခွဲခြားဆက်ဆံခြင်းဆိုသည်မှာ ဟူသည့်အပိုဒ်ကို အဓိပ္ပာယ်ဖော်ပြရာတွင် ခွဲခြားဆက်ဆံခြင်းဆိုသည့်နေရာတွင် အမျိုးသား၊ အမျိုးသမီး အပြင် လိင်စိတ်ဖြစ်တည်မှုဆိုသည့် စာသားကို ထပ်ဆင့်ဖြည့်စွက်လိုပါကြောင်း။

အခန်း(၁၇) ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုသည့် အခန်းတွင် အပိုဒ် ၆၂ အပိုဒ်ခွဲငယ် (င) ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပေါ်တွင် ဖြည့်စွက်လိုပါကြောင်း၊ ဖြည့်စွက်လိုသည့်အကြောင်းရင်းမှာ လက်နက်ကိုင်ပဋိပက္ခအတွင်းမှာ ရှိနေသည့် ကလေးသူငယ်များ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဖွံ့ဖြိုးမှုကို အကာအကွယ်ဖြစ်စေရန် ဖြစ်ပါကြောင်း၊ အပိုဒ်ခွဲငယ်(င) ကို ကျောင်း သို့မဟုတ် ကလေးသူငယ်များ တက်ရောက်ကုသသည့် ဆေးရုံများကို တိုက်ခိုက်ခြင်း၊ အသုံးပြုခြင်းဟူ၍ ဖြည့်စွက်လိုပါကြောင်း။

အခန်း ၂၂ ကလေးသူငယ်တရားစီရင်ရေးအခန်းတွင် အပိုဒ် ၈၂ အပိုဒ်ခွဲငယ်(ခ) ကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို ဖြစ်ထွန်းနိုင်သည့် ကိစ္စတွင် သတင်းအချက်အလက်ရယူခွင့်ပေးခြင်းမှအပ ကလေးသူငယ်မှုခင်း သတင်းအချက်အလက်များကို သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ စာစောင်များ၊ လူမှုဆက်သွယ်ရေးနည်းလမ်းများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတစ်ခုခုတွင် ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်းမပြုနိုင်ရန်နှင့် သတင်းမီဒီယာသမားများအား တရားခွင်အတွင်း ဝင်ရောက်ခွင့်မပြုရဆိုသည်ကို ဖြည့်စွက်လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်းက ဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက် အခန်း ၈၊ ပုဒ်မ ၂၆ တွင် မြန်မာနိုင်ငံသား တစ်ဦးဦးသည် ကလေးသူငယ်ကို မိဘရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက သတ်မှတ်ချက်များနှင့်အညီ မွေးစားပိုင်ခွင့်ရှိသည်ဆိုသည့် စကားရပ်အစား မြန်မာနိုင်ငံသား တစ်ဦးဦးသည် ကလေးသူငယ်ကို မိဘရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက ဥပဒေနှင့်အညီ မွေးစားပိုင်ခွင့်ရှိသည်ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း။

မွေးစားခံရသည့် ကလေးသူငယ်နှင့် မွေးစားသူသည် နိုင်ငံသားဟုတ်မဟုတ် စိစစ်ရန်နှင့် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် မွေးစားခြင်းမှတ်ပုံတင်အရာရှိတာဝန်နှင့် အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ) အရ လူမှုဝန်ထမ်းအရာရှိတာဝန်ကို လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အရာရှိ တစ်ဦးစီပါဝင်သောအဖွဲ့ဖြင့် စိစစ်လက်ခံ၍ တာဝန်ပေးအပ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အခန်း ၅၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က) အရ နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် နိုင်ငံသားကို တာဝန်ပေးနိုင်သည် ဆိုသည့် စာသားအား ပယ်ဖျက်ရန်နှင့် အပိုဒ် ၂၇၊ အပိုဒ် ၂၈ မှ အပိုဒ်ခွဲ က၊ ခ၊ ဂ၊ အပိုဒ် ၅၉ အပိုဒ်ခွဲ (ခ)အရ လူမှုဝန်ထမ်းအရာရှိတာဝန်များကို တာဝန်ထမ်းဆောင်သူအစား လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အရာရှိတစ်ဦးစီပါဝင်သောအဖွဲ့ဖြင့်ဟု ဖြည့်စွက်သင့်ပါကြောင်း။

ဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၈ အပိုဒ်ခွဲ(က)တွင် မြန်မာနိုင်ငံသားတစ်ဦးဦးသည် ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် သက်ဆိုင်ရာမွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်ဆိုသည့် စကားရပ်အစား မြန်မာနိုင်ငံသားတစ်ဦးဦးသည် ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် သက်ဆိုင်ရာအဖွဲ့ထံ ဥပဒေနှင့်အညီ လျှောက်ထားနိုင်သည်ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးထိန်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါ်အိအိပြုံးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇန်နဝါရီ ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

## (၂၃)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ပျောက်ဆုံးထီလက်မှတ်နံပါတ်ပေါ်ထွက်ပါက ရောင်းချပြီးထီလက်မှတ်နံပါတ် ပေါ်ထွက်သည်အထိ ပြန်လည်ဖွင့်လှစ်မည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပမည့် (၂၃) ကြိမ်မြောက် ကျပ်ငါးရာတန် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုကြီးစနစ်နှင့် ဆုတစ်ဆုချင်းစနစ်များတွင် ပျောက်ဆုံးထီလက်မှတ်နံပါတ်များ ပါရှိပါက ရောင်းချပြီးသည့် ထီလက်မှတ်နံပါတ် ထွက်ပေါ်လာသည်အထိ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ထို့ပြင် ဝေဝေဆာဆာဆုမဲစနစ်တွင်လည်း ပျောက်ဆုံးထီလက်မှတ်နံပါတ်မှ ဆုမဲ ပေါ်ထွက်ပါက အဆိုပါဆုတန်ဖိုးများနှင့် ယာယီဘဏ္ဍာသိမ်းငွေကျပ် ၇၅၃၀၀၀ ကို ပေါင်း၍ အခြားသင့်လျော်သော ဆုမဲများဖြင့် အစားထိုးပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၂၃)ကြိမ်မြောက် ကျပ်ငါးရာတန် ထီဖွင့်ပွဲအတွက် (က အက္ခရာမှ အ အက္ခရာ အထိ၊ ကက အက္ခရာမှ ကခ အက္ခရာအထိ) အက္ခရာလုံးရေ စုစုပေါင်း ၅၂ လုံး၊ ထီစာအုပ်စုစုပေါင်း ၄၂၅၄၅၃၆ အုပ်ကို ရောင်းချခဲ့ရာ ထီစာအုပ် ၁၂၈၅ အုပ်၌ ပျောက်ဆုံးထီလက်မှတ်များ ဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့၏စာရင်းကို ဇန်နဝါရီ ၁၀ ရက်က အောင်ဘာလေ သိန်းဆုဌာနခွဲမှ ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် (၂၃)ကြိမ်မြောက် ကျပ်ငါးရာတန် ထီဖွင့်ပွဲတွင် ရောင်းချရသည့် ထီစာအုပ်စုစုပေါင်း ၄၂၅၃၂၅၁ အုပ်၊ ရောင်းချရသည့် ငွေကျပ်သန်းပေါင်း ၂၁၂၆ ဒသမ ၂၅၅ ဖြစ်ပြီး ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းမှာ ငွေကျပ်သန်းပေါင်း ၁၂၇၅၉ ဒသမ ၇၅၃ ဖြစ်ကြောင်း သိရသည်။

ယခုအကြိမ် ချီးမြှင့်မည့် ထီဆုငွေများကို အထူးဆုကြီးစနစ်တွင် ကျပ်သိန်းတစ်သောင်းဆု (၁) ဆု၊ ကျပ်သိန်းငါးထောင်ဆု (၂) ဆု၊ ကျပ်သိန်းသုံးထောင်ဆု (၃) ဆု၊ ကျပ်သိန်းတစ်ထောင်ဆု (၆) ဆုအပါအဝင် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲစနစ်များကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၂၃)ကြိမ်မြောက် ကျပ်ငါးရာတန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီမှစတင်၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ထီဖွင့်ပွဲခန်းမ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆုငွေထုတ်ပေးခြင်းကို ကျပ် ၁၀ သိန်းအထက် ကံထူးရှင်များအား ဖေဖော်ဝါရီ ၄ ရက်တွင် နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်၍ ကျပ် ၁၀ သိန်းအောက် ကံထူးရှင်များကို ဖေဖော်ဝါရီ ၁၁ ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း**

## ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစန်သိန်း မိုးနဲမဲဆန္ဒနယ်၏ မိတ်ဆွေ လေးဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၇)၏ မိတ်ဆွေ ခုနစ်ဦး၊ မုံရွာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းမင်းအေး ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၁၃၇ ဦး စုစုပေါင်း ၁၄၈ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးကြပ်သူ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ငွေ ဦးဆောင်သည့် ကြီးကြပ်အုပ်ချုပ်သူများ အပါအဝင် နယ်စပ်ဒေသမှ တိုင်းရင်းသား တိုင်းရင်းသူလေ့လာရေးအဖွဲ့ ၁၈၇ ဦးတို့သည်လည်း လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၄၅၃၃၃ ဦးနှင့် ပြည်ပဧည့်သည် ၂၀၂၁ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေပြုရေးတာဝန်များနှင့် ၈ နှစ်ခရီး မြန်မာ့လွှတ်တော်

■ **မိုးကေနိုင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းဖြစ်ပေါ်လာသည့် မြန်မာ့လွှတ်တော်များ၏ သက်တမ်းသည် ၁-၂-၂၀၁၉ ရက်နေ့တွင် (၈) နှစ်ခရီးရှိခဲ့ပါပြီ။ နိုင်ငံသူ နိုင်ငံသားများနှင့် တိုင်းရင်းသားများအတွက် အတိုင်းအတာတစ်ခုအထိ များစွာအကျိုးရှိခဲ့သည့် ပထမအကြိမ် လွှတ်တော်များထံမှ လက်ဆင့်ကမ်းရယူခဲ့သည့် ယခု ဒုတိယအကြိမ် လွှတ်တော်များသည်လည်း ပြည်သူလူထုအကျိုးစီးပွားနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းသာယာရေး၊ ဒီမိုကရေစီဖက်ဒရယ်တည်ဆောက်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းရွက်လျက်ရှိကြပါသည်။

**နိုင်ငံတကာအသိအမှတ်ပြုမှုရရှိ**

ဥပဒေပြုရေးတာဝန်၏ အဓိကမဏ္ဍိုင်ဖြစ်သော လွှတ်တော်များသည် အခြားအုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့်လည်း နားလည်လေးစားမှုကို အခြေခံကာ တတ်နိုင်သမျှ အပြန်အလှန် ထိန်းကျောင်းလျက်ရှိပါသည်။ မြန်မာ့လွှတ်တော်သည် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် AIPA အာဆီယံပါလီမန်များညီလာခံ အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လတွင် IPU နိုင်ငံတကာပါလီမန်များအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ကာ နိုင်ငံတကာ၏ အသိအမှတ်ပြုမှုရရှိခဲ့ပါသည်။ (၃၇) ကြိမ်မြောက် AIPA အထွေထွေညီလာခံကို ၂၀၁၆ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတွင် နေပြည်တော်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၌ ကျင်းပခဲ့သော AIPA ညီလာခံများတွင်လည်း မိမိနိုင်ငံ့အရေးနှင့်ပတ်သက်သည့် အဆိုပြုမှုကြမ်းများအပေါ် တင်သွင်းဆွေးနွေးကြရာတွင် AIPA ပဋိညာဉ်စာတမ်းပါ စည်းမျဉ်းစည်းကမ်း မူဘောင်အတွင်း အခိုင်အမာရပ်တည်ပြီး မြန်မာ့လွှတ်တော်ကိုယ်စားလှယ်များက တုံ့ပြန်ဆွေးနွေးနိုင်ခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဆွစ်ဇာလန်နိုင်ငံတွင်ကျင်းပသော (၁၃၉) ကြိမ်မြောက် အထွေထွေညီလာခံသို့လည်း မြန်မာ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး "နည်းပညာတီထွင်ဆန်းသစ်ပြောင်းလဲလာမှုနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုသော လွှတ်တော်များ၏ကဏ္ဍ"ကို ပါဝင်ဆွေးနွေးနိုင်ခဲ့ကြပါသည်။ ထို့နည်းတူ IPU ညီလာခံများတွင် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ တစ်ဖက်သတ် တင်သွင်းသော အဆိုပြုချက်များကို တန်ပြန်အဆို ပြန်လည်တင်သွင်းပြီး အဖြစ်မှန်အပေါ် အခြေမခံသည့် မမှန်ကန်သော အချက်များကို တုံ့ပြန်ဖြေရှင်းနိုင်ခဲ့ကြပါသည်။

**ဥပဒေပြုရေးတာဝန်**

ဥပဒေပြုခြင်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်(၃)ရပ်အနက် အဓိကတာဝန်ဖြစ်သည့်အလျောက် နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားကို ဖြစ်ထွန်းစေသော၊ ကာကွယ်စောင့်ရှောက်သောဥပဒေများကို ခေတ်ကာလအခြေအနေနှင့်အညီ ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်း၊ ပြည်သူအကျိုးမဖြစ်ထွန်းသော ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းများကို ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တင်သွင်းလာသော ဥပဒေများကိုဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့ပြုရမည်မှာ ကိုယ်စားလှယ်များ၏ အဓိကတာဝန် ဖြစ်ပါသည်။ တရားမျှတပြီး အများပြည်သူများလိုက်နာနိုင်သည့် ဥပဒေများဖြစ်ရန်ကိုမူ အထူးဂရုပြု ဆွေးနွေးဆောင်ရွက်ကြရပါသည်။

ပြဋ္ဌာန်းလိုက်သော ဥပဒေများနှင့်အညီ နောက်ဆက်တွဲ နည်းဥပဒေ၊ အမိန့်ကြော်ငြာ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်မှု ရှိ၊ မရှိ၊ မူလဥပဒေနှင့် လိုက်လျောညီထွေမှု ရှိ၊ မရှိ၊ သက်ဆိုင်ရာအဖွဲ့အစည်းဌာနများမှ လိုက်နာကျင့်သုံးနိုင်မှု ရှိ၊ မရှိ၊ ဥပဒေအသက်ဝင်လာသည့်အခါ ပြည်သူကိုအမှန်တကယ်အကျိုးပြု၊ မပြုကို လွှတ်တော်ကသာ ပြန်လည်ဆန်းစစ်သုံးသပ်ရပါသည်။ ပုံမှန်အစည်းအဝေး ၁၃ ကြိမ် ကျင်းပနိုင်ခဲ့သည့် ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း အမျိုးသားအကျိုးစီးပွားကို ထင်ဟပ်သောဥပဒေပေါင်း (၂၃၂) ခု၊ ယခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ဒသမပုံမှန် အစည်းအဝေးအထိဆိုလျှင် ပြဋ္ဌာန်းခဲ့ပြီးသော ဥပဒေပေါင်းမှာ(၁၁၆)ခု ရှိပြီဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေနှင့်ပတ်သက်၍ အတွေ့အကြုံများ အထိုက်အလျောက်ရှိလာသည့်အလျောက် ခေတ်မမီသော၊ ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို ဖျက်သိမ်းရန်၊ ပြန်လည်ပြင်ဆင်ရေးဆွဲရန် အားထုတ်လျက်ရှိကြပါသည်။ ပြည်သူ့အသံကို ထင်ဟပ်သည့် လွှတ်တော်၏ ဆောင်ရွက်ချက် အားကောင်းလာသည့် လက္ခဏာများပင် ဖြစ်ပါသည်။

**မဲဆန္ဒနယ်ကို ကိုယ်စားပြုခြင်းနှင့် အပြန်အလှန်ထိန်းညှိခြင်းတာဝန်**

ဥပဒေပြုရေးတာဝန်နှင့်အတူ အရေးကြီးသည့် အခြားတာဝန်များမှာ မိမိသက်ဆိုင်ရာ မဲဆန္ဒနယ်မြေများရှိ မဲဆန္ဒရှင်များက ပေးအပ်လိုက်သော တောင်းဆိုချက်များ၊ နစ်နာချက်များကို နားထောင်ပေးရသောတာဝန်၊ မိမိ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံ အဆောက်အအုံများ ဖြည့်ဆည်းပေးရမည့်တာဝန်၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များအား အပြန်အလှန်ထိန်းကျောင်းသည့် တာဝန်များဖြစ်ပါသည်။ ၎င်းတာဝန်များကို လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့ဖြင့် ဆောင်ရွက်ကြရပါသည်။ လွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို မိမိမဲဆန္ဒရှင်များကို ပြန်လည်အသိပေးရပါသည်။ သတင်းပေးရသည်။ ကွင်းဆင်းဆောင်ရွက်ကြရသည်။ ကိုယ်စားလှယ်များသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ပြောဆိုဆက်ဆံကြသည်များရှိသလို စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ ဆိုရှယ်မီဒီယာအသုံးပြု၍သော်လည်းကောင်း ပြည်သူ့အသံ၊ ဆန္ဒများကိုလက်ခံရယူ၍ ပြည်သူနှင့်နီးစပ်မှုကို ဖော်ဆောင်ကြရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့မြို့နယ်အတွက် နှစ်စဉ် သတ်မှတ်ပေးထားသော ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တစ်ပိုင်တစ်နိုင် ဒေသဖွံ့ဖြိုးရေး စီမံချက်များရေးဆွဲရာတွင်လည်း ပါဝင်ကြရသည်။ မြို့နယ်အဆင့်ကော်မတီများတွင်ပါဝင်ကာ ဒေသလိုအပ်ချက်များကို ဆွေးနွေး၍ ပံ့ပိုးအကောင်အထည်ဖော်ကြရပါသည်။

> **❛ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်တာဝန်များ အထူးသဖြင့် ဥပဒေပြုရေး၊ အာဏာသုံးရပ်အကြား အပြန်အလှန် ထိန်းကျောင်းရေးတာဝန်များ၊ မိမိပါတီနှင့် အခြားပါတီများအကြား နိုင်ငံ့အကျိုးအတွက် အတူလက်တွဲဆောင်ရွက်လျက်ရှိကြသည့် ကိုယ်စားလှယ်များကို မြန်မာ့ဒီမိုကရေစီ ယဉ်ကျေးမှုတစ်ရပ် ဆက်လက်တည်ဆောက်နေသူများအဖြစ် အသိအမှတ်ပြုရမည် ဖြစ်ပါသည်။❜**

**မေးခွန်း၊ အဆို**

ပြည်သူ့အသံကို လွှတ်တော်အသံဖြစ်စေရာတွင် ကြိုတင်တင်ပြထားသောမေးခွန်းများကို လွှတ်တော်တွင် မေးမြန်းခြင်း၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် တာဝန်ရှိပုဂ္ဂိုလ်များက လာရောက်ဖြေကြားခြင်းသည် လွှတ်တော်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ လွှတ်တော်အစည်းအဝေး တစ်ကြိမ်ထက်တစ်ကြိမ် (နှုတ်ဖြေ) ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းသူကိုယ်စားလှယ်အရေအတွက် များပြားလာလျက်ရှိသလို မေးခွန်းအရေအတွက်လည်း များပြားလာသည်။ ပြီးစီးခဲ့သည့် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် တစ်ရက်ပျမ်းမျှမေးခွန်း (၈) ခုအထိရှိခဲ့သည်ကို တွေ့ရှိရပါသည်။ မေးခွန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ကဏ္ဍအလိုက် အများဆုံးဖြေဆိုပေးခဲ့ကြရသည်ကိုလည်း လေ့လာမိပါသည်။ လွှတ်တော်များတွင် အဆိုတင်သွင်းခြင်းသည် အခြားသောမဏ္ဍိုင်များကို စိစစ်ထိန်းကျောင်းခြင်းလည်း ဖြစ်သည်။ တင်သွင်းလာသောအဆိုများကို ရိုးရိုးအဆို၊ အရေးကြီးအဆိုများ ခွဲခြားပြီး အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုကြသည်။ အချို့ပုံမှန်အစည်းအဝေးများတွင် အတည်မပြုခြင်း၊ ရုပ်သိမ်းခြင်း၊ ဆွေးနွေးရန်မသင့်ခြင်း စသည်ဖြင့် ဆွေးနွေးဆုံးဖြတ်ခြင်းများလည်း ရှိခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ရုံး သုတေသနမှတ်တမ်းတစ်ခုအရ ဒသမအကြိမ် ပုံမှန်အစည်းအဝေးတွင် (၃)ရက်လျှင် အဆို (၂) ခုနှုန်း တင်သွင်းဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ကော်မတီ၊ ကော်မရှင်များ**

တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲနေသော အာဏာသုံးရပ်အကြား အချင်းချင်းအပြန်အလှန် ထိန်းညှိမှုပြုလျက်ရှိရာ လွှတ်တော်၏ထိန်းညှိမှုတာဝန်တွင် ကော်မတီများ၊ ကော်မရှင်များ၏ အခန်းကဏ္ဍသည် အရေးပါလှပါသည်။ လွှတ်တော်စုံညီအစည်းအဝေးကြီးတွင် အသေးစိတ်ဆွေးနွေးရန် အချိန်မလုံလောက်၍သော်လည်းကောင်း၊ ဥပဒေများနှင့် နိုင်ငံသားများအပေါ် သက်ရောက်မှုကို အသေးစိတ်လေ့လာဖော်ထုတ် ခွဲခြမ်းစိတ်ဖြာနိုင်ရန်လည်းကောင်း၊ ပြည်သူများ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နီးနှောတိုင်ပင်အကြံဉာဏ်များ ရယူနိုင်ရန်လည်းကောင်း သက်ဆိုင်ရာလွှတ်တော်များအလိုက် အမြဲတမ်းကော်မတီနှင့် လိုအပ်သလို ကာလသတ်မှတ်ဖွဲ့စည်းသော ရေးရာကော်မတီများလည်း ဖွဲ့စည်းထားရှိပါသည်။ အမှန်မှာ ကော်မတီများသည် လွှတ်တော်ကြီးအတွင်းမှ လွှတ်တော်ငယ်များပင်ဖြစ်သည်။ စောင့်ကြည့်ထိန်းညှိခြင်းနှင့်အတူ နိုင်ငံသားများ၏ ရပိုင်ခွင့်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိကြပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့ကပင် ပြည်သူများ၏အခွင့်အရေးနစ်နာမှုမရှိစေရန် အလေးထားသည့်အနေဖြင့် တိုင်ကြားစာများနှင့် အသနားခံစာများကို လေ့လာစိစစ်ခြင်း၊ အကြောင်းပြန်ခြင်း၊ အကြံပြုခြင်းများပြုနိုင်ရန် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ရေးရာကော်မတီအသစ်တစ်ခုကို ထပ်မံဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် တည်ဆဲဥပဒေများ ပြန်လည်သုံးသပ်ပြီး ဥပဒေရေးရာများကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြခြင်း၊ အထူးကိစ္စရပ်များအား ဥပဒေအမြင်ဖြင့် လေ့လာဆန်းစစ်သုံးသပ်ပြီး လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌများအား အကြံပေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

**လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး**

မြန်မာ့လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးသည် ကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်ကို အထောက်အကူပြုသည့် ဝန်ထမ်းများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် များစွာမူတည်ပါသည်။ ၎င်းကဏ္ဍကို JCC လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီက ဦးဆောင်မှုပေးလျက်ရှိပါသည်။ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်း (၁၃) ခုက ပါဝင်အကူအညီပေးလျက်ရှိပြီး သုတေသနနှင့် ICT သင်တန်းများ၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု၊ မီဒီယာနှင့် ပြည်သူ့ဆက်ဆံရေး၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု၊ Training for Trainers၊ ဘာသာရပ်အလိုက် အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့အကြုံဖလှယ်ပြီး စွမ်းရည်တိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်လည်း ပြည်ပနိုင်ငံ ပါလီမန်များသို့ လေ့လာရေးခရီးစဉ်များနှင့် ဝန်ထမ်းများအား ပညာတော်သင်စေလွှတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဒီမိုကရေစီ၏ ပြယုဂ်လွှတ်တော်**

ကိုယ်စားလှယ်များသည် ပါတီစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲမထားဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မေးခွန်းများမေးခြင်း၊ အဆိုများဆွေးနွေးခြင်း၊ ဥပဒေများကို ဝိုင်းဝန်းဆွေးနွေး အတည်ပြုဆုံးဖြတ်ကြခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသည့်နည်းတူ တစ်ဦးနှင့်တစ်ဦးလည်း ပိုမိုရင်းနှီးနားလည်မှုများ ရရှိလာခဲ့ကြပြီလည်းဖြစ်ပါသည်။ ပထမအကြိမ် လွှတ်တော်မှ ချမှတ်နိုင်ခဲ့သည့် အခြေခံအုတ်မြစ်နှင့်အတူ ရရှိခဲ့သည့်အတွေ့အကြုံတို့ကို သင်ခန်းစာယူ၍ ယခုအကြိမ် လွှတ်တော်များတွင် ပိုမိုခိုင်မာအားကောင်းစေရန် လုပ်ဆောင်နေကြသည်ကိုလည်း တွေ့မြင်နေရပေသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဘုံအကျိုးစီးပွားအတွက် ဝိုင်းဝန်းငြင်းခုံဆွေးနွေးကြလျက် မတူညီသော အယူအဆများကို စေ့စပ်ညှိနှိုင်းဆွေးနွေးအဖြေရှာကြသည့် ဒီမိုကရေစီ၏ ပြယုဂ်အဖြစ် လွှတ်တော်ကြီးကို အရောင်တင်ပေးလျက်ရှိနေသည်မှာလည်း အထင်အရှားပင်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြတောင်းဆိုမှုများကြောင့် တံတားမရှိ၊ လမ်းမကောင်း၊ လျှပ်စစ်မီးအားနည်းသည့် နယ်ဒေသများဖွံ့ဖြိုးရေးအတွက် အတိုင်းအတာတစ်ခုအထိ ရှေ့တိုး ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ကျောင်း၊ ဆေးရုံများ တိုးချဲ့ဆောက်လုပ်ပေးနိုင်ခြင်း၊ ကျောင်း ဆရာ ဆရာမများ၊ ဆရာဝန်များ တိုးမြှင့်ခန့်ထားပေးနိုင်ခြင်းဖြင့် ကျေးလက်၊ မြို့ပြ ကွာဟချက်ကို ကျဉ်းမြောင်းလာစေပြီး ဆင်းရဲမှုလျှော့ချရေးတွင် တစ်တပ်တစ်အား ပါဝင်နိုင်ခဲ့ကြပါသည်။

**ဒီမိုကရေစီယဉ်ကျေးမှုနှင့် လေးစားထိုက်သူများ**

(၈) နှစ်တာ လွှတ်တော်သက်တမ်းကာလအတွင်း အစွဲများကိုဘေးဖယ်၍ ခက်ခဲနက်နဲသည့် လွှတ်တော်လုပ်ငန်းတာဝန်များကို သိမ်မွေ့စွာဖြင့် အတိမ်းအစောင်းမရှိစေဘဲ ထိန်းကျောင်းပေးလျက်ရှိကြသည့် လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား အထူးပင် လေးစားဂုဏ်ယူမိပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်တာဝန်များ အထူးသဖြင့် ဥပဒေပြုရေး၊ အာဏာသုံးရပ်အကြား အပြန်အလှန် ထိန်းကျောင်းရေးတာဝန်များ၊ မိမိပါတီနှင့် အခြားပါတီများအကြား နိုင်ငံ့အကျိုးအတွက် အတူလက်တွဲဆောင်ရွက်လျက်ရှိကြသည့် ကိုယ်စားလှယ်များကို မြန်မာ့ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ် ဆက်လက်တည်ဆောက်နေသူများအဖြစ် အသိအမှတ်ပြုရမည် ဖြစ်ပါသည်။

**စာမျက်နှာ ၉ သို့ ✪**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မွန်ပြည်နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မွန်ပြည်နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များနှင့် ယမန်နေ့ညနေပိုင်းက မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံစဉ် ဘာသာပေါင်းစုံညီညွတ်ရေး၊ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၏ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ ဂုဏ်ထူးဆောင်နာယက ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက မွန်ပြည်နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးရုံးအတွက် အလှူငွေကျပ်သိန်း ၅၀ ကို မတည်လှူဒါန်းသည်။

**မင်းသစ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကွမ်းလုံ၊ ဟော်ပန်၊ ချင်းရွှေဟော် ကုန်သည်အသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကွမ်းလုံ၊ ဟော်ပန်၊ ချင်းရွှေဟော်ကုန်သည်အသင်းဥက္ကဋ္ဌ ဒေါ်လွင်လွင်မာနှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် လယ်ယာထွက်ကုန်ပစ္စည်းများအား ချင်းရွှေဟော်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ် အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအား ချမှတ်ဆောင်ရွက်သွားနိုင်ရေး၊ နယ်စပ်ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် နယ်စပ်ကုန်သွယ်ရေးတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် တရားမဝင်ကုန်သွယ်မှုများအား အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားရေး၊ နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသော အခြေခံအဆောက်အအုံများအား အဆင့်မြှင့်တင်နိုင်ရေး၊ တရုတ်နိုင်ငံသို့ ဆန်၊ ပြောင်း၊ သကြားတင်ပို့မှုတိုးမြှင့်နိုင်ရန်အတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

❂ **စာမျက်နှာ ၈ မှ**

အချုပ်အားဖြင့် မတူကွဲပြားသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အရောင်အသွေးစုံသော တိုင်းရင်းသားများသည် မတူခြားနားသော ပါတီမူဝါဒများ ကိုင်စွဲထားသော်လည်း ဘုံရည်မှန်းချက်ပန်းတိုင်အတွက်မူ အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒဆိုသည်နှင့်အညီ ပြည်သူတို့၏ အခက်အခဲများ၊ လိုအပ်ချက်များ၊ တွေ့ကြုံနေရသည့်ဒုက္ခများကို တင်ပြတောင်းဆိုဖြေရှင်းပေးရန် များစွာကျန်ရှိနေပါသေးသည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးအတွက် အကောင်အထည်ဖော်ရန်ကဏ္ဍများစွာ ကျန်ရှိနေဆဲဖြစ်သည်ကို ကိုယ်စားလှယ်များ သိရှိပြီးဖြစ်ပါသည်။

ပြည်သူများ၏မျှော်လင့်ချက်များစွာကို ဦးစားပေးကဏ္ဍအလိုက်ဆက်လက်ဖြည့်ဆည်းရန် သန္နိဋ္ဌာန် ချထားကြသည်ကိုလည်း တွေ့မြင်ရပါသည်။ နိုင်ငံတကာ လွှတ်တော်အတော်များများနှင့် နှိုင်းယှဉ်လျှင် သက်တမ်းအားဖြင့် နုနယ်နေသေးသော်လည်း ပြည်သူများ၏ ယုံကြည်မှုအပြည့် မျှော်လင့်ချက်ကြီးမားစွာဖြင့် တာဝန်ပေးအပ်ခြင်းခံထားရသည့် ယနေ့ကိုယ်စားလှယ်များသည် ဖြစ်ပေါ်လာသည့် အခြေအနေ အချိန်အခါနှင့်အညီ ပြုပြင်ပြောင်းလဲမှုများကြားတွင် ဆက်လက်ကြိုးစားဆောင်ရွက်နေကြဦးမည်ဖြစ်ပါသည်။ စိန်ခေါ်မှုများလည်း ရှိနေဦးမည်ဖြစ်ပါသည်။ မည်သည့်အခက်အခဲများပင် ကြုံတွေ့ကြရပါစေ၊ ပါတီစုံဒီမိုကရေစီကျင့်စဉ်တစ်ခုကို ချောမွေ့ညင်သာစွာကူးပြောင်းနိုင်ခဲ့သည့် အစဉ်အလာကြီးမားသည့် လွှတ်တော်များ၏တန်ဖိုးကိုမူ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မည်သာဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။




# “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” ပွဲတော်ပိတ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

“သွေးချင်းတို့ရဲ့ပွဲတော်ဆီ” ပွဲတော်ပိတ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ယနေ့ ညနေ ၄ နာရီက ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနာယက ဒေါက်တာ အောင်ထွန်းသက်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင်နာယက နိုင်သက်လွင်က ဂုဏ်ပြုလက်မှတ်များ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကိုယ်စားလှယ်များထံ ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ပြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တအာင်း (ပလောင်)၊ ပအိုဝ်း၊ ဓနု၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကိုယ်စားလှယ်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေ အတွင်းရေးမှူးတို့က ပွဲတော်ကျင်းပရေးကော်မတီနှင့် ကူညီပံ့ပိုးသည့်လုပ်ငန်းရှင်များထံ ဂုဏ်ပြုမှတ်တမ်းများပေးအပ်၍ ကျေးဇူးတင်စကားပြောကြားကာ ဂီတအနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြပြီး ပိတ်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တရုတ်နှစ်သစ်ကူးကာလ နီးကပ်လာပြီဖြစ်၍ ကျောက်စိမ်းအရောင်းအဝယ်အေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

တရုတ်နှစ်သစ်ကူးကာလရောက်ရှိရန် နီးကပ်လာပြီဖြစ်၍ မန္တလေးမြို့ရှိ ကျောက်စိမ်း၊ ကျောက်မျက်အဓိကအရောင်းအဝယ်ပြုလုပ်ရာ ကျောက်ဝိုင်းတွင် အရောင်းအဝယ်ရပ်လုနီးပါးအထိ အေးနေကြောင်း ကျောက်အရောင်းအဝယ်လုပ်သူများထံမှ သိရသည်။

တရုတ်နှစ်သစ်ကူးကာလမှာ ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်မည်ဖြစ်ပြီး တရုတ်လူမျိုးများသည် ယခုကဲ့သို့ နှစ်ကူးကာလနီးချိန်တွင် အရောင်းအဝယ်ကိစ္စများ လုပ်လေ့မရှိဘဲ တစ်နှစ်တာအတွင်း ပြုလုပ်ခဲ့သော အရောင်းအဝယ်များအပေါ်တွင် စာရင်းချုပ်ကာ အရှုံးအမြတ်တွက်ချက်သော ကာလဖြစ်ကြောင်း သိရသည်။

“မန္တလေးကျောက်ဝိုင်းမှာ ထောင်ဂဏန်းတန်တဲ့ ကျောက်ကနေ သိန်းပေါင်းထောင်ဂဏန်းအထိတန်တဲ့ ကျောက်တွေ အရောင်းအဝယ်ဖြစ်နေတဲ့နေရာဖြစ်ပါတယ်။ ကျောက်မျက်ပြပွဲလို သိန်းပေါင်းသောင်းချီအလုပ်ဖြစ်တဲ့ အရောင်းပြပွဲတွေရှိပေမယ့် တစ်နှစ်ပတ်လုံး အရောင်းအဝယ်ရှိတဲ့ မန္တလေးကျောက်ဝိုင်းက အရောင်းအဝယ်ပိုများပါတယ်။ ပါဝင်ရောင်းဝယ်ကြတဲ့သူအရေအတွက်လည်းပိုများပါတယ်။ အခုလို အရောင်းအဝယ်အေးတဲ့အခါမှာ ကျောက်သမားတွေ အခက်အခဲတော့ရှိပါတယ်” ဟု ကျောက်အရောင်းအဝယ်လုပ်သူ ကိုမျိုးသန့်က ပြောသည်။

မန္တလေးကျောက်ဝိုင်းတွင် ကျောက်အရောင်းအဝယ်လုပ်သူ အများစုမှာ ဝယ်ယူရင်းနှီးမြှုပ်နှံထားပြီး ကြိုက်ဈေးရမှ ပြန်လည်ရောင်းချသူနည်းပါးကာ နေ့စဉ်ဝင်ငွေသဘော လာရောက်ရောင်းဝယ်ကြသူများပြားသည်။

ထို့ကြောင့် အသုံးငွေလိုအပ်နေသူများ၊ မဖြစ်မနေရောင်းချရသူများမှာ ယခင်ပေးဈေး၏ ထက်ဝက်ခန့်သာရရှိကြောင်းသိရသည်။

**အေးမြ(မန္တလေး)**

# ပြန်ကြားရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် ရေဒီယိုအလုံး ၆၇၈၈၀ ပေးအပ်လှူဒါန်း

**စစ်တွေ ဇန်နဝါရီ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများမှ ပြည်သူများအတွက် လှူဒါန်းသော ရေဒီယိုများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် ရေဒီယိုများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် ရေဒီယိုအလုံး ၆၇၈၈၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က လက်ခံသည်။(**အပေါ်ပုံ**)




ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ရေဒီယိုထုတ်လွှင့်မှုကို နံနက် ၅ နာရီမှ ည ၁၁ နာရီအထိ မြန်မာပိုင်းနှင့် အင်္ဂလိပ်ပိုင်း အစီအစဉ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပြီး ရခိုင်ဘာသာစကားအပါအဝင် တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

မြန်မာ့ရုပ်မြင်သံကြားမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် လိုင်းပေါင်း ၁၈ လိုင်းခန့် ထုတ်လွှင့်ပေးလျက်ရှိပြီး ရခိုင်ပြည်နယ်တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်သည့် ထပ်ဆင့်လွှင့်စက်ရုံ ၁၇ ရုံရှိကြောင်း သိရသည်။ ရခိုင်ဘာသာအစီအစဉ်ဖြင့် ထုတ်လွှင့်နေသည့် တိုင်းရင်းသားဘာသာရုပ်သံလိုင်းမှလည်း ရခိုင်ပြည်နယ်၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ထုတ်လွှင့်ပေးလျက်ရှိသည်။

**သတင်း- မျိုးမြင့်၊ မောင်စိန်လွင်**
**ဓာတ်ပုံ- မင်းထက်**

## စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများတွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း(ရန်ကုန်ရုံးခွဲ)က ဦးစီးကျင်းပသည့် ဒုတိယအကြိမ်မြောက် တွေ့ဆုံချိတ်ဆက် ကမ်းလင့်လက် Beyond YAU ပွဲကို ဖေဖော်ဝါရီ ၂ ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ကန်တော်ကြီး မြေပဒေသာဥယျာဉ် ပုလဲကျွန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အစီအစဉ်များကို ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး နံနက်ပိုင်းတွင် မြေဆီလွှာကျန်းမာရေး(Soil Health)နှင့်ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်ကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အတန်းပေါင်းစုံပါဝင်သော ဂိမ်းကစားခြင်းများ၊ သီချင်းဆိုခြင်း၊ နိုင်ငံတကာ ပညာသင်ဆုအကြောင်းကို ဆုရရှိပြီးသူများက ပြန်လည်မျှဝေခြင်း၊ ကဗျာရွတ်ဆိုခြင်း စသည့် အစီအစဉ်တို့ပါဝင်မည်ဖြစ်ပြီး ၁၉၈၃ ခုနှစ် ကျောင်းဆင်းများက မုန့်ဟင်းခါး စတုဒိသာအပြင် Genius ကော်ဖီမှ ကော်ဖီဖြင့်လည်းကောင်း ကျွေးမွေးဧည့်ခံသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၅၁၆၃၅၈၂၊ ၀၉- ၇၉၈၂၃၀၂၃၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၃၀

**တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။**

### မြန်မာ့ပင်လယ်ပြင်

**လှိုင်းအနည်းအငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။**

မိုး/ဇလ



# "ကြာတော့သည်လည်း မောင့်စကား" ရုပ်ရှင်ဇာတ်ကား ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာ မီးပွား ရိုက်ကူးသည့် "ကြာတော့သည်လည်း မောင့်စကား" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအဖြစ် ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း(Examplez)၊ ဖွေးဖွေး၊ နေဆန်း၊ လင်းခါးမှူးပြည့်သျှင်၊ စိန်ပဲကျော်အဖွဲ့နှင့် အခြားသောအနုပညာရှင်များစွာ ပါဝင်ထားပြီး အပြန်အလှန် စကားလုံးများနှင့် ခံစားချက်များကို အဓိကဖော်ကျူးထားသည့် သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

စာနယ်ဇင်းအကြို မိတ်ဆက်ပွဲ၌ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသည့် သရုပ်ဆောင်များက မိမိတို့ပါဝင်သရုပ်ဆောင်ခဲ့ရမှုအပေါ် ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာသမားများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားကာ တက်ရောက်လာကြသည့် ပရိသတ်များနှင့်အတူ အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုကြသည်။

မိတ်ဆက်ပွဲသို့ တက်ရောက်လာသည့် စိုင်းစိုင်းခမ်းလှိုင်၏ ပရိသတ်ဖြစ်သူ စမ်းချောင်းမြို့နယ်မှ မမေသဇင်က "ဝတ္ထုလည်း ဖတ်ပြီးပြီ။ တော်တော်ကောင်းပါတယ်။ အခုပါဝင်တဲ့ အဓိက သရုပ်ဆောင်သုံးယောက်လုံးကိုကြိုက်တယ်။ ရုပ်ရှင်နဲ့ ဝတ္ထုကတော့ ရသတစ်မျိုးစီရှိပါတယ်။ အရင်တုန်းကလည်း ဒီဇာတ်ကားလေးက ရိုက်ခဲ့ဖူးတာဆိုပေမယ့် အခုပြန်ကြည့်ရင်လည်း ရသတစ်မျိုးလေးတော့ ပြန်ပေးမယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

**ဇော်ကြီး**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၃) ထုတ်ဝေဖြန့်ချိ




ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၆)၊ အမှတ်(၃)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၁-၂-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၃)တွင် "လယ်ယာစိုက်ပျိုးရေး အခြေပြုနိုင်ငံအဖြစ် ရပ်တည်နိုင်ရေး၊ သီးနှံအရည်အသွေး ကျဆင်းစေသော အချက်များ ဖယ်ရှားရန်နည်းလမ်းများ၊ ကျွဲကောသီးချဉ်ပြီး အသားကြပ်နေရင် ဒီလိုလုပ်ပါ"စသည့် စိုက်ပျိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ "ဆိတ်မွေးမြူရေးလုပ်ငန်းနှင့် ရရှိနိုင်သော အကျိုးအမြတ်များ၊ ပိုမိုကောင်းမွန်သော နွားမျိုးများရရှိစေရန် မျိုးမြှင့်ရေးနည်းလမ်းများ၊ မြိတ်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်၊ စားကျက်မြေနှင့် အစာစိုက်ခင်းမြေနေရာများ လိုအပ်လျက်ရှိ"စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ "လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ကုန်ထုတ်လမ်း၊ ရေသွယ်မြောင်း၊ ရေထိန်းတံခါးများ ဖောက်လုပ်ရာတွင် တောင်သူလယ်သမားများ၏ ပရဟိတစိတ်၊ ညီညွတ်ရေးစိတ် အရေးကြီး"ခေါင်းစဉ်ဖြင့် အင်တာဗျူးတို့ကို ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီးလယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်" အခန်းဆက်ဝတ္ထုရှည်၊ "မုဆိုး တစ်ဆယ့်နှစ်ယောက်"ပုံပြင်၊ "ပြည်ထောင်စုနေ့အတွေး၊ ယနေ့ကမ္ဘာနှင့် စားနပ်ရိက္ခာလေလွင့်ဆုံးရှုံးမှုများ၊ အချိန်ကိုသုံးတတ်လျှင် တော်လည်းတော်နိုင်ပါတယ် ပျော်လည်းပျော်နိုင်ပါတယ်"စသည့် သုတရသ ဆောင်းပါးများ၊ "အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး ပြည်သူများဝိုင်းဝန်းဆောင်ရွက်ပေး၊ ကောင်းကျိုးဆိုးကျိုး ဒွန်တွဲနေသည့် အညာဒေသက ကန္တာရပင်၊ ကမ္ဘာတစ်ခွင် အနာကြီးရောဂါ ပျောက်ကင်းစေချင်၊ သွေးတိုးရောဂါအကြောင်း သိကောင်းစရာ"စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါးများအဖြစ် "ကြက်သွန်နီစိုက်ပျိုးချိန် အလုပ်အကိုင်ရရှိခြင်းကြောင့် နေ့စားအလုပ်သမားများ ဝင်ငွေရရှိ၊ တောင်သူများ သီးနှံအထွက်နှုန်းကောင်းမွန်ရေး သီးနှံကာကွယ်ရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ၊ မန္တလေးမြို့ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်တွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပမည်၊ ပွင့်ဖြူမြို့တွင် မြစိမ်းရောင်စီမံကိန်းဝင် ကျွဲတံခါးကျေးရွာအား လည်ပတ်ရန်ပုံငွေ သိန်း ၃၀၀ ထုတ်ချေး"စသည်တို့အပြင် ဒို့ကျေးရွာပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသ ခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ရခိုင်ပြည်နယ် သံတွဲမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း ဖွင့်လှစ်

**သံတွဲ ဇန်နဝါရီ ၃၀**

ရခိုင်ပြည်နယ် သံတွဲမြို့၌ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် IOM၊ USAID အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်ပွဲသို့ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ သံတွဲခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်း၊ IOM၊ SAID တို့မှ တာဝန်ရှိသူများနှင့် အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး သံတွဲခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာများကို လည်းကောင်း၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းနှင့် IOM မှ ပရိုဂရမ်မန်နေဂျာ Mr. Konrad Clos တို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့်အတူ သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်သည်။ သင်တန်းတွင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရများ၊ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်များအကြောင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ခြင်း၊ ဘေးအန္တရာယ် ဆုံးရှုံးနိုင်ခြေလျော့ပါးခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ မြန်မာနိုင်ငံဘေးအန္တရာယ် စီမံခန့်ခွဲမှု မူဘောင်၊ ကျင့်ဝတ်စည်းမျဉ်းနှင့် အခြေခံမူများ၊ ရပ်ရွာလူထုအခြေခံသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစရှိသည့် သင်ခန်းစာများကို IOM အဖွဲ့မှ ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။



သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းဖွင့်ပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ အမှာစကား ပြောကြားစဉ်။

အဆိုပါ IOM အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ်မှစတင်ကာ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး စစ်တွေ၊ ကျောက်ဖြူနှင့် သံတွဲခရိုင်တို့တွင် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းလွှမ်းခြုံရာဒေသများတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များကိုလည်း ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မောင်စိန်လွင်၊ မျိုးမြင့်**
**ဓာတ်ပုံ-သန့်ဇင်(ခရိုင်ပြန်/ဆက်)**

# လန်ချန်း - မဲခေါင် အနုပညာရှင်လူငယ်များတွေ့ဆုံပွဲတွင် အမှတ်တရပစ္စည်းများ ခင်းကျင်းပြသခြင်းနှင့် အနုပညာဖျော်ဖြေပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေးမြို့တွင် ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိသော လန်ချန်း - မဲခေါင်ဒေသတွင်းရှိ အနုပညာရှင် လူငယ်များတွေ့ဆုံပွဲတွင် နိုင်ငံအလိုက် လက်မှုအနုပညာ အမှတ်တရပစ္စည်းများ ခင်းကျင်းပြသခြင်းနှင့် အနုပညာဖျော်ဖြေတင်ဆက်မှုများကို ယနေ့တွင် မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်၌ ကျင်းပသည်။

အဆိုပါဒေသတွင်း ခြောက်နိုင်ငံဖြစ်သော မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့မှ အနုပညာရှင်လူငယ်များအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံအလိုက် လက်မှုအနုပညာအမှတ်တရပစ္စည်းများအား ခင်းကျင်းပြသခဲ့ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ဖွင့်လှစ်ရောင်းချသည့် မြန်မာ့လက်မှုပညာရပ်ဖြင့် ပြုလုပ်ထားသော အမှတ်တရပစ္စည်းများကို လေ့လာကြည့်ရှု၍ ဝယ်ယူအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံအလိုက် ရိုးရာတေးသီချင်းများဖြင့် သီဆို တီးခတ်ကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး လန်ချန်း - မဲခေါင်ဒေသတွင်း အနုပညာရှင် လူငယ်များ တွေ့ဆုံပွဲ အမှတ်တရစပ်ဆိုရေးဖွဲ့ထားသည့် သီချင်းဖြင့် စုပေါင်းသီဆိုခဲ့ကြသည်။



ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက နိုင်ငံခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များအား အမှတ်တရ ပန်းစည်းများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယနေ့ကျင်းပသည့် လက်မှုအနုပညာအမှတ်တရပစ္စည်းများ ခင်းကျင်းပြသမှုတွင် ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမှတ်တရပစ္စည်းအရောင်းဆိုင်များအသင်းတို့ ပူးပေါင်း၍ ပန်း ၁၀ မျိုးဆိုင်ရာ လက်မှုအနုပညာ ပစ္စည်းအရောင်းဆိုင်ကိုလည်း ဖွင့်လှစ်၍ ပါဝင်ပြသပေးခဲ့သည်။

အဆိုပါလက်မှုအနုပညာအမှတ်တရပစ္စည်း ခင်းကျင်းပြသခြင်းနှင့် အနုပညာ ဖျော်ဖြေပွဲများနှင့်ပတ်သက်၍ လာအိုနိုင်ငံ လူငယ်အနုပညာရှင် အဖွဲ့ခေါင်းဆောင် Mr. Saveng Seng Aphay က "ဒီနေ့ပြုလုပ်တဲ့ အစီအစဉ်မှာ ကျွန်တော်တို့နိုင်ငံကို ကိုယ်စားပြုတဲ့ပန်းရယ်၊ ရိုးရာအဝတ်အထည် အသုံးအဆောင်ပစ္စည်းနဲ့ တူရိယာပစ္စည်းတွေကို ခင်းကျင်းပြသထားပါတယ်။ ဖျော်ဖြေမှုအနေနဲ့ကတော့ ရိုးရာဂီတနဲ့ လာအိုနိုင်ငံရဲ့ အရေးပါတဲ့ အကတွေနဲ့ တင်ဆက်ခဲ့ပါတယ်။ ဒီဒေသတွင်း ခြောက်နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့အတွက် ယဉ်ကျေးမှုအနေနဲ့လည်း အလွန်နီးစပ်ပါတယ်။ ဒီပြပွဲကနေ နိုင်ငံအလိုက် ရိုးရာလက်မှုထုတ်ကုန်တွေကို ပိုမိုသိရှိခဲ့ရပါတယ်။ အလွန်လှပသာယာတဲ့ မန္တလေးမြို့ကြီးကို လာရောက်ခွင့်ရတဲ့အတွက်လည်း ကျေနပ်ဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

ပညာရှင်လူငယ်များအဖွဲ့သည် ညနေပိုင်းတွင် ရေယာဉ်ဖြင့် မင်းကွန်းပုထိုးတော်ကြီးသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြပြီး စစ်ကိုင်းတောင်ဝန်းကျင်ရှိ သဘာဝရှုခင်း အလှအပများကို ရေယာဉ်ပေါ်မှ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**

(၂၄)လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း
စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန်
သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန်
သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး
တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။
နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။
ဖုန်း–၀၉၅၀၅၃၅၊ ၀၉၀၉၁၈၃၊ ၀၉၅၁၄၃၀၊ ၀၉၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# အတိုက်အခံများက ကြီးမားသည့် ဆန္ဒပြပွဲပြုလုပ်ရန် စီစဉ်နေစဉ် ဗင်နီဇွဲလားသမ္မတ မာဒူရိုက လိုက်လျောမှုပြုလုပ်



**ကာရာကတ်စ် ဇန်နဝါရီ ၂၀**

မိမိအနေဖြင့် အတိုက်အခံများနှင့် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ရန် ဆန္ဒရှိကြောင်းနှင့် လွှတ်တော်ရွေးကောက်ပွဲများကို စောစီးစွာ ကျင်းပပေးမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ် မာဒူရိုက ပြောကြားခဲ့သည်။ အတိုက်အခံများက ကြီးမားသော ဆန္ဒပြပွဲကြီးတစ်ခု ပြုလုပ်ရန် အစီအစဉ်များ ပြုလုပ်နေစဉ်တွင် ဗင်နီဇွဲလားသမ္မတက ယင်းသို့ လိုက်လျောမှုပြုခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံ၏ ကောင်းရာကောင်းကျိုးအတွက် မိမိတို့တွေ့ဆုံဆွေးနွေးမှုပြုလုပ်လိုကြောင်း၊ အတိုက်အခံများနှင့် စားပွဲဝိုင်းတွင် ထိုင်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် မိမိအဆင်သင့်ရှိကြောင်း ကာရာကတ်စ်မြို့တွင် ရုရှားသတင်းဌာန အာရ်အိုင်အေနိုဗော့စတီနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင် သမ္မတ မာဒူရိုက ပြောကြားသည်ဟု ယင်းသတင်းဌာနက ဇန်နဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

လွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို စောစီးစွာ ကျင်းပခြင်းသည် အလွန်ကောင်းမွန်သည့် စီစဉ်လုပ်ဆောင်မှုဖြစ်ပြီး ယင်းလုပ်ရပ်သည် နိုင်ငံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုအတွက် ကောင်းမွန်သည့် ပုံသဏ္ဌာန်ဖြစ်ကြောင်း မာဒူရိုက ပြောကြားသည်ဟု ရုရှားအစိုးရသတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် ဗင်နီဇွဲလားနိုင်ငံ၌ သမ္မတရွေးကောက်ပွဲအသစ် မကြာမီ ကျင်းပဖွယ်ရှိသည်ဆိုသည့် အချက်ကိုမူ သမ္မတ မာဒူရိုက ပယ်ချခဲ့သည်။

ဘရာဇီးနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ နယ်ချဲ့သမားများအနေဖြင့် သမ္မတရွေးကောက်ပွဲအသစ်ကို အလိုရှိပါက ၂၀၂၅ ခုနှစ်တိုင်အောင် ၎င်းတို့စောင့်ဆိုင်းရမည်ဖြစ်ကြောင်း သမ္မတ မာဒူရိုက ပြောကြားသည်။ ၎င်း၏ ပြောကြားချက်မှာ အမေရိကန်ပြည်ထောင်စုအား ရည်ညွှန်းကြောင်း ထင်ရှားသည်။

ဗင်နီဇွဲလားသမ္မတ မာဒူရိုသည် သက်တမ်းခြောက်နှစ်ရှိသည့် သမ္မတရာထူးအတွက် ယမန်နှစ်က ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် ဒုတိယအကြိမ် ရွေးကောက်ခံ အနိုင်ရခဲ့သည်။ ယင်းသို့ အနိုင်ရခဲ့သည့် သမ္မတရာထူးနေရာမှ မာဒူရိုအား ဖယ်ရှားရန် ပြည်တွင်းရှိ အတိုက်အခံများနှင့် ပြည်ပနိုင်ငံ အများအပြားတို့က လုပ်ဆောင်လျက်ရှိသည်။ **အေအက်ဖ်ပီ**



## ဖိလစ်ပိုင်နိုင်ငံရှိ ဘာသာရေးကျောင်းတစ်ကျောင်း၌ လက်ပစ်ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွား

**မနီလာ ဇန်နဝါရီ ၂၀**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ဘာသာရေးကျောင်းတစ်ကျောင်းအတွင်း၌ လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့ပြီး လေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါဖြစ်စဉ်သည် ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရ တင်မြှောက်ရန် မဲဆန္ဒခံယူခြင်းနှင့် လူ ၂၁ ဦး သေဆုံးခဲ့သည့် ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်းအတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ရက်အနည်းငယ်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ ဘာသာရေးဂိုဏ်းဂဏဆိုင်ရာ အစွဲထားလက်တုံ့ပြန်မှုများကြောင့် အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်း ဖြစ်နိုင်ဖွယ်ရှိသည်ဟု အာဏာပိုင်များက ဆိုသည်။

ဇန်နဝါရီ ၂၀ ရက် အရုဏ်မတက်မီအချိန်တွင် ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းရှိ ဘာသာရေးကျောင်းအတွင်း၌ လူအများအပြား အိပ်နေစဉ်တွင် လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မင်ဒါနာအိုကျွန်းသည် အစ္စလာမ်ဘာသာဝင်အနည်းစုနေထိုင်ရာ ဒေသဖြစ်သည်။

ယခုဖြစ်စဉ်သည် လက်တုံ့ပြန်မှုဖြစ်နိုင်ဖွယ်ရှိကြောင်းနှင့် မည်သည့်အဖွဲ့အစည်းက ကျူးလွန်ခြင်းဖြစ်သည်ကိုမူ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

## ဗန်ကောက်မြို့တွင် လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရ

**ဗန်ကောက် ဇန်နဝါရီ ၂၀**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်မြို့တွင် အဆိပ်သင့်စေသည့် မီးခိုးမြူများကြောင့် အာဏာပိုင်များက မြို့တော်တွင်းရှိ အစိုးရစာသင်ကျောင်းများအား ပိတ်ထားရန် ညွှန်ကြားခဲ့သည်။

မြို့တော်ဗန်ကောက်ရှိ အစိုးရပိုင် စာသင်ကျောင်း စုစုပေါင်း ၄၃၇ ကျောင်းနှင့် မူကြိုကျောင်းများကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းမှ ဖေဖော်ဝါရီ ၁ ရက်အထိ ပိတ်ထားမည်ဟု ဗန်ကောက်မြို့တော်အုပ်ချုပ်ရေးမှူးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မြို့တော်ဗန်ကောက်ရှိ လေထုအတွင်း အမှုန်ပါဝင်မှုသည် မကြာသေးမီက ပီအမ်-၂ ဒသမ ၅ အထိ ရှိခဲ့ပြီး ယင်းမှာ ဘေးအန္တရာယ်ရှိသော အဆင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဗန်ကောက်မြို့တွင် ဇန်နဝါရီ ၃၀ ရက်က ထောက်လှမ်းတွေ့ရှိရသည့် လေထုအတွင်း အမှုန်ပါဝင်မှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က သတ်မှတ်ထားသည့် လုံခြုံမှုရှိသည့်အဆင့်ထက် အလွန်များပြားစွာ ပိုမိုနေသည်ဟု မှတ်ယူရကြောင်း လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

ခြောက်သွေ့သော ရာသီဥတုနှင့် မော်တော်ယာဉ်များ၊ စက်ရုံများက ထုတ်လွှတ်သော အခိုးအငွေ့များသည် ဗန်ကောက်မြို့၏ လေထုညစ်ညမ်းမှုကို ဆိုးရွားစေသော အကြောင်းများဟု ယုံကြည်ရသည်။

မြို့တော်ဗန်ကောက်တွင် လတ်တလောဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုအခြေအနေသည် ရှေ့လာမည့်လ အစောပိုင်းရက်များအထိတိုင်အောင် ရှိနေမည်ဟု မျှော်လင့်ရကြောင်း မြို့တော်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

## ပြုံယမ်းအနေဖြင့် ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများ ချိုးဖောက်လျက်ရှိကြောင်း ကုလလုံခြုံရေးကောင်စီ ဆို

**ကုလသမဂ္ဂ ဇန်နဝါရီ ၃၀**

မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို အကြိမ်ပေါင်းများစွာ ချိုးဖောက်ခဲ့သည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကျွမ်းကျင်ပညာရှင်များအဖွဲ့က ယနေ့ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ လုံခြုံရေးကောင်စီကျွမ်းကျင်ပညာရှင်အဖွဲ့က လုံခြုံရေးကောင်စီက ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို သက်ဆိုင်ရာနိုင်ငံများအနေဖြင့် မည်သို့ အကောင်အထည်ဖော်ဆောင်လျက်ရှိသလဲဆိုသည်နှင့်ပတ်သက်ပြီး နှစ်စဉ် အစီရင်ခံစာများ တင်သွင်းလျက်ရှိသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအတွင်း မြောက်ကိုရီးယားနိုင်ငံက ရေနံထွက်ကုန်များကို သင်္ဘောများဖြင့် အနည်းဆုံး ၁၄၈ ကြိမ် လက်ခံတင်သွင်းခဲ့ကြောင်း ယခုနှစ် အစီရင်ခံစာအရ သိရသည်။ အဆိုပါ ပမာဏသည် တစ်နှစ်တာကာလအတွင်း သတ်မှတ်ထားသည့် ရေနံစည်ပေါင်း ငါးသိန်းထက်ကျော်လွန်ခဲ့သည်ဟု အစီရင်ခံစာတွင် ထည့်သွင်းရေးသားထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအား ကျောက်မီးသွေးနှင့် သံများအား နိုင်ငံရပ်ခြားသို့ တင်ပို့မှုကို ပိတ်ပင်ထားသည်။ သို့သော် ပြုံယမ်းအနေဖြင့် ဒေါ်လာ ၅ ဒသမ ၅၈ သန်း တန်ဖိုးရှိ ကျောက်မီးသွေးနှင့် သံများကို သင်္ဘောများဖြင့် တင်ပို့ကာ စည်းမျဉ်း၊ စည်းကမ်းများ ချိုးဖောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံခြားငွေရရှိရန် ရည်ရွယ်ပြီး ပြုံယမ်းက တရုတ်ငါးဖမ်းသင်္ဘော ၁၅ စင်းကျော်အား ၎င်း၏ ငါးဖမ်းပိုင်ခွင့်ကို ရောင်းချခဲ့သည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို ယခုကဲ့သို့ ချိုးဖောက်ကာ နိုင်ငံခြားငွေရရှိရန် ကြိုးပမ်းနေခြင်းသည် ၎င်း၏ နျူကလီးယားအစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်လျက်ရှိနေကြောင်း ထောက်ပြနေခြင်းပင်ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## ဆီးရီးယားအရှေ့ပိုင်းတွင် အမေရိကန်ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် လူရှစ်ဦး သေဆုံး

**ဒမတ်စကတ် ဇန်နဝါရီ ၃၀**

အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသည့် ဆီးရီးယားအရှေ့ပိုင်းသို့ အမေရိကန်ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားရှစ်ဦး သေဆုံးခဲ့သည်ဟု ဆီးရီးယားအစိုးရသတင်းဌာနတစ်ခုဖြစ်သည့် ဆာနားသတင်းဌာနက ဇန်နဝါရီ ၃၀ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ညလုံးပေါက် လေကြောင်းတိုက်ခိုက်မှုသည် အိုင်အက်စ်စစ်သွေးကြွများ အနည်းငယ်ကျန်ရှိသည့် ဒီရာအယ်လ်ဇောရပြည်နယ် ဘက်ဂ်ဟတ်မြို့ရှိ ဆင်ခြေဖုံးရပ်ကွက်တစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သေဆုံးသူများထဲတွင် အမျိုးသမီးသုံးဦးနှင့် ကလေးငါးဦး ပါဝင်သည်ဟု အထက်ပါသတင်းဌာနက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့သည် ယူဖရေးတီးဒေသအရှေ့ပိုင်းရှိ မြို့များနှင့် ရွာများအားလုံးကို ဆုံးရှုံးခဲ့ရပြီး ယခုအခါ နယ်မြေအနည်းငယ်သာ ကျန်တော့သည်။

ပြီးခဲ့သည့် စက်တင်ဘာလက ဒီရာအယ်လ်ဇောရပြည်နယ်အရှေ့ပိုင်း ယူဖရေးတီးဒေသရှိ အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရန် အမေရိကန်ထောက်ခံသည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့များ၏ ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်မှုများကြောင့် အိုင်အက်စ်စစ်သွေးကြွ ၁၂၅၀ ခန့် သေဆုံးခဲ့သည်ဟု ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

# မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၃၀**
မိတ္ထီလာတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ယင်းတက္ကသိုလ်အားကစားခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ဘဟန်က ဘော်လီဘောပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို စတင်ကျင်းပရာ ရုက္ခဗေဒအသင်းနှင့် ဝိဇ္ဇာညွန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားသည်။ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် သချ်ာ၊ ဝိဇ္ဇာညွန့်ပေါင်း၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ရူပဗေဒ၊ ပထဝီဝင်၊ ဘူမိဗေဒ စုစုပေါင်း ရှစ်သင်းနှင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် သချ်ာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ ဝိဇ္ဇာညွန့်ပေါင်း၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ စုစုပေါင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# မန်စီးတီးအသင်း ပရီမီယာလိဂ်ပွဲစဉ်မှာ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် ချန်ပီယံဆုအတွက် မျှော်လင့်ချက်နည်းခဲ့ရ

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၄)မှာ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် ပရီမီယာလိဂ်ချန်ပီယံဆုအတွက် မျှော်လင့်ချက်နည်းခဲ့ရတယ်လို့ သိရပါတယ်။

နယူးကာဆယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ မန်စီးတီးအသင်းအနေနဲ့ ပထမပိုင်းပွဲကစားချိန် ၁ မိနစ်မှာပဲ ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့ပေမယ့် နယူးကာဆယ်အသင်းရဲ့ ကစားပုံကောင်းမွန်မှုတွေကြောင့် ဒုတိယပိုင်းပွဲကစားချိန်အတွင်းမှာ နယူးကာဆယ်အသင်းက နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အိမ်ကွင်းတွင် ပရီမီယာလိဂ်ပွဲစဉ်နောက်ဆုံးကစားခဲ့တဲ့ ခုနစ်ပွဲမှာ ငါးပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ အခုနှစ် ပရီမီယာလိဂ်ပွဲစဉ် ၂၄ ယှဉ်ပြိုင်ကစားအပြီးမှာ ၅၆ မှတ်အထိ ဆုံးရှုံးခဲ့တာလည်းဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် လီဗာပူးအသင်း ကစားရန်တစ်ပွဲအလိုမှာပဲ ရမှတ်လေးမှတ်အထိ ကွာဟနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

**ငွေကြယ်- ရေးသားသည်**

○ **ကျောဖုံးမှ**

ထို့နောက် ဆေးဝါးစက်ရုံလမ်း(ကြို့ကုန်း)သံလမ်းကူးနေရာ အဆင့်မြှင့်တင်မှုလုပ်ငန်းကို ဇရီယာအပိုင်း နှစ်ပိုင်းခွဲထား၍ ပထမပိုင်းကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ၊ ဒုတိယပိုင်းကို ဖေဖော်ဝါရီ ၁၃ ရက် မှ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ကမာရွတ်ဘူတာရုံလမ်း၊ အုတ်ကျင်းဘူတာရုံလမ်းနှင့် ဆေးဝါးစက်ရုံလမ်း(ကြို့ကုန်း)တို့ သံလမ်းကူးနေရာ ပိတ်မည့်ကာလအတွင်း လမ်းပိုင်းချဲ့ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပွားစေရန်အတွက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများအပါအဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ဇန်နဝါရီ ၃၁ ရက်တွင် မြေပြင်ကွင်းဆင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအား အရှေ့ခြမ်းနှင့် အနောက်ခြမ်းခွဲ၍ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်လျက်ရှိသောကြောင့် လက်ရှိရထားတွဲဆိုင်းများမှာ အပြင်ပတ်လမ်းမှ ပြေးဆွဲလျက်ရှိပြီး ပထမပိုင်း လုပ်ငန်းဆောင်ရွက်မည့် ဖေဖော်ဝါရီ ၃ ရက်မှစတင်၍ အပြင်ပတ်လမ်းမှ မပြေးဆွဲတော့ဘဲ အတွင်းပတ်လမ်းမှ ပြေးဆွဲမည်ဖြစ်ကာ သံလမ်းကူးနေရာများကို အဆင့်မြှင့်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယပိုင်းလုပ်ငန်းစဉ်ဖြစ်သည့် သံလမ်းကူးနေရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုမည့် စာမေးပွဲရက်များကို ရှောင်ရှား၍ မတ်လတွင် ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့အပြင် မြန်မာ့မီးရထားအနေဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း ရထားအချိန်စာရင်းများကို သက်ဆိုင်ရာဘူတာများ၌ ဗီနိုင်းဖြင့်လည်းကောင်း၊ လက်ကမ်းကြော်ငြာများဖြင့် လည်းကောင်း အချိန်မီ အသိပေးကြေညာပေးသွားမည်ဖြစ်သည်။ ယခုအခါ ရထားစီးခရီးသည်စီးနင်းမှုဦးရေမှာ တစ်ရက်လျှင် လူဦးရေ ခုနစ်သောင်းကျော်ရှိနေကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း- ပွင့်သစ္စာ၊ ဓာတ်ပုံ- စိုးမြင့်အောင်**

❖ **မြန်မာ ယူ-၂၂ မှ**

အများစု ပါဝင်လာမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားမည်ဖြစ်ပြီး မတ် ၄ ရက်တွင် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲတွင် နောက်ဆုံးနှစ်ကြိမ်ဆက်တိုက်ခြေစစ်ပွဲ မအောင်ထားသောကြောင့် လာမည့်နှစ်တွင် ခြေစစ်ပွဲအောင်မြင်ရန် ပစ်မှတ်ထားလျက်ရှိသည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သောအုပ်စုကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

နီဂါတာအသင်းသည် ဂျပန်ကလပ်အသင်းဖြစ်သော်လည်း စင်ကာပူလိဂ်တွင် ၂၀၀၄ ခုနှစ်ကတည်းက လာရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ရာသီတွင် သုံးကြိမ်ဆက်တိုက်ဖိုလ်စွဲထားသည့်အသင်းလည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ စင်ကာပူနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့စဉ်ကလည်း နီဂါတာအသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ဖူးကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

❒ **မြန်မာ ယူ-၁၉ မှ**

ဝင်းဝင်းက ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ယူ-၁၉ အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၇၄ မိနစ်တွင် မိုးမိုးသန်း၊ ၈၅ မိနစ်တွင် နွယ်နီဝင်း(ပင်နယ်တီ)တို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၂ ရက်တွင် ခြေစမ်းပွဲ ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ယင်းခြေစမ်းပွဲပြီးပါက ဩစတြေးလျနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် အပြီးသတ်ပြင်ဆင်မည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

# ပီအက်စ်ဂျီတိုက်စစ်မှူး နေမာ ဒဏ်ရာပြဿနာကြောင့် သီတင်းပတ် ၁၀ ပတ်ခန့် အနားယူရမည်

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး နေမာသည် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရတာကြောင့် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲစလုံး လွဲချော်မည်ဖြစ်ကြောင်း သိရသည်။



ဘရာဇီးတိုက်စစ်မှူး နေမာသည် ဇန်နဝါရီ ၂၃ ရက်က ပီအက်စ်ဂျီအသင်းက စထရာစဘော့အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး သီတင်းပတ် ၁၀ ပတ်ခန့်အနားယူရမည်ဟုလည်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အိုးထရက်ဖို့ဒ်သို့ သွားရောက်ကစားရမည်ဖြစ်ပြီး မတ် ၆ ရက်တွင် ဒုတိယအကျော့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။





## ငါးရက်အတွင်း တရားမဝင် သစ်ခိုးထုတ်သူ ၂၄ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများ တရားမဝင်ခိုးထုတ်နေမှုကို နည်းလမ်းမျိုးစုံဖြင့် အရေးယူဆောင်ရွက်လျက်ရှိရာ ပြည်သူများပူးပေါင်းပါဝင်မှုသည် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အရ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်အတွင်း တရားမဝင်သစ်ခိုးထုတ်သူ ၂၄ ဦးကို ဖမ်းဆီးရမိသည်။

အဆိုပါ တရားမဝင်သစ်ခိုးထုတ်သူများနှင့်အတူ ယာဉ်၊ ယန္တရား ၂၉ စီး၊ ကျွန်း ၄၃၉ ဒသမ ၄၁၆၄ တန်၊ သစ်မာ ၁၃၄ ဒသမ ၅၇၆၀ တန်နှင့် အခြားအသား ၃၁၇ ဒသမ ၂၀၈၆ တန် စုစုပေါင်း သစ်လုံးခွဲသား ၈၉၁ ဒသမ ၂၀၁၀ တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မျိုးသူဟိန်း**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၀၄၀၊ သွင်းကုန် ၇၀၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၉ စီး၊ သွင်းကုန် ၁၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၃၂ သန်း) တန်ဖိုးရှိ ကြမ်းခင်းကျောက်ပြား(600× 600 mm) အထုပ် ၂၀၀၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး အထုပ် ၂၀ နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၆ သန်း) တန်ဖိုးရှိ Royal Birds Nest (100 ml) (480 Pcs) စုစုပေါင်း တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၉၂ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီမြို့တွင် လောင်းကစားပြုလုပ်သူအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**မြဝတီ ဇန်နဝါရီ ၃၀**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် အမျိုးသမီးတစ်ဦးထံမှ လောင်းကစားပြုလုပ်သည့်ဆက်စပ်ပစ္စည်းများအပါအဝင် ငွေကျပ်သုံးသိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က မြဝတီမြို့မရဲစခန်းနယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်ချမ်းမွန်ဦးစီးအဖွဲ့သည် လောင်းကစားသတင်းအရ မြဝတီမြို့အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ မသီတာဝင်းနေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ မသီတာဝင်းအားနေအိမ်တွင် အသင့်တွေ့ရှိရပြီး ၎င်းထိုင်နေသည့်နေရာအနီး စားပွဲပေါ်မှ ချဲထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် ငွေကျပ် ၃၁၆၉၀၀ အပါအဝင် ဆက်စပ်ပစ္စည်း ကိုးမျိုးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် မသီတာဝင်း(၃၂)နှစ်အား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**



## ကသာမြို့နယ်၌ ရောဝတီမြစ်အတွင်းမှ တရားမဝင် ကညင်သစ် ၂၄ လုံး သိမ်းဆည်းရမိ

**ကသာ ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဆင်ကုန်တိုင်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း စက်လှေသုံးစင်းပေါ်မှ တရားမဝင်ကညင်သစ်လုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီခန့်က ကသာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးစီးသောအဖွဲ့၊ မြို့နယ်ဦးစီးအရာရှိ ဦးတင်ထွဏ်း၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအုပ်သောင်းဝင်းတို့သည် သက်သေများနှင့်အတူ သတင်းအရ ကသာမြို့နယ် ဆင်ကုန်တိုင်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း သွားရောက်ရှာဖွေရာ ဆိပ်ကမ်းတွင် ရပ်တန့်ထားသော စက်လှေတွဲသုံးခုအတွင်းမှ တရားမဝင် ကညင်သစ် ၂၄ လုံး (၄၃ ဒသမ ၁၅၄ တန်)နှင့် စက်လှေသုံးစင်းတို့အား သိမ်းဆည်းရမိပြီး သစ်ပိုင်ရှင်များဖြစ်ကြသော ကသာမြို့နယ် ဝေဆွယ်ကျေးရွာနေ ဝင်းညွှန့်ဦးနှင့်သန်းဝင်း၊ ကသာမြို့နယ် မိုးတားလေးကျေးရွာနေ တရုတ်ကြီး(ခ) ဝင်းမင်းထွန်းတို့ သုံးဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှအောင်(ကသာ)**




# စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်။
(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။
(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုဆိုသည်။
(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။
(င) **အေဂျင်စီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကိုဆိုသည်။
(စ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကိုဆိုသည်။
(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သည့်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။
(ဇ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်သည့်ဦးစီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အဆင့်ရှိသော အရာရှိကို ဆိုသည်။
(ဈ) **မူပိုင်ခွင့်(Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့်ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာ မူပိုင်ခွင့်၊ တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့် အမျိုးအစားများလည်း ပါဝင်သည်။
(ည) **စက်မှုဒီဇိုင်း** ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ အထည်အလိပ်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန်တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းပုံသဏ္ဌာန်ကိုဆိုသည်။
(ဋ) **ထုတ်ကုန်** ဆိုသည်မှာ စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် အစိတ်အပိုင်းများစွာဆက်စပ်ပါဝင်သော စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတွင် တပ်ဆင်ရမည့်အစိတ်အပိုင်းများ၊ ရုပ်ပုံသင်္ကေတများ၊ ပုံနှိပ်စာလုံးပုံသဏ္ဌာန်များ၊ ထုပ်ပိုးမှုနှင့် အပြင်အဆင်တို့ ပါဝင်သည်။ ယင်းစကားရပ်တွင် ကွန်ပျူတာပရိုဂရမ်များ မပါဝင်။
(ဌ) **စက်မှုဒီဇိုင်းပိုင်ရှင်** ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ရှင်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။
(ဍ) **ဖန်တီးသူ** ဆိုသည်မှာ စက်မှုဒီဇိုင်းတစ်ခုခုအား ဖန်တီးသူကိုဆိုသည်။
(ဎ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ယင်း၏ အခွင့်အရေးများကို တရားဝင်ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။
(ဏ) **အလုပ်ရှင်** ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့်အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအတွက် လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန်တာဝန်ရှိသူတစ်ဦးဦး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာတရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။
(တ) **အလုပ်သမား** ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကို အသုံးပြု၍လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကိုဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။
(ထ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်ထားသော မူပိုင်ခွင့်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကိုဆိုသည်။
(ဒ) **မူပိုင်ခွင့်တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအပ်နှင်းထားသည့် တရားရုံးကိုသော်လည်းကောင်း ဆိုသည်။
(ဓ) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၃၉ ပါ ဦးစားပေးအခွင့်အရေးကိုဆိုသည်။
(န) **ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၄၀ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊
(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများကို အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊
(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊
(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးကို အပြန်အလှန်အကျိုးပြုစေရန်၊
(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့်စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်။

**အခန်း (၃)**
**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -
(က) မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | အခြားသင့်လျော်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) | လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၆) | အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |
| (၇) | နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (၈) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊
(ခ) မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊
(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးနှင့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေးမြှင့်တင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊
(ဃ) မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊
(င) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊
(စ) နည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များရရှိစေရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊
(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၄)**
**အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၆။ ဗဟိုကော်မတီသည် -
(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဗဟိုကော်မတီ၏ အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အေဂျင်စီနှင့်သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) | ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၄) | ငါးဦးထက်မပိုသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၅) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၆) | ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ | တွဲဖက်အတွင်းရေးမှူးများ |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊
(ခ) စက်မှုဒီဇိုင်း မူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီက ချမှတ်သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ဂ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊
(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(င) စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိသက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(စ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊
(ဆ) စက်မှုဒီဇိုင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊
(ဇ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေး

**ဖျာပုံ ဇန်နဝါရီ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖျာပုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်နှင့်မြို့နယ်အဆင့် မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ပြုလုပ်ခဲ့သည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ဘိုကလေးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်က အဖွင့်အမှာစကားပြောကြားပြီး ဖျာပုံခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က မြစိမ်းရောင်စီမံကိန်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက မြစိမ်းရောင်စီမံကိန်း စံပြကျေးရွာများအား ဆုရွေးချယ်ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စံပြမြစိမ်းရောင်ကျေးရွာ ပထမဆုရ ဒေးဒရဲမြို့နယ် ကြည်စု၊ ဘေးကြီးကျေးရွာ၊ ဒုတိယဆုရ ကျိုက်လတ်မြို့နယ် ဘုံလုံချောင်းကျေးရွာ ၊တတိယဆုရ ဖျာပုံမြို့နယ် မော်ဝန်းစုကျေးရွာ၊ စတုတ္ထဆုရ ဘိုကလေးမြို့နယ် ကျားချောင်းကျေးရွာတို့အား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဖျာပုံခရိုင်အတွင်း၌ မြစိမ်းရောင်စီမံကိန်း ကျေးရွာပေါင်း ၂၉၅ ရွာ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



ဇန်နဝါရီ ၂၇ ရက် ည ၇ နာရီက သန်လျင်မြို့နယ် ဖားကူးအနောက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် မူခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်ရာ ကျေးရွာရဲကင်းစခန်းမှူး ဒုတိယရဲအုပ် ဝင်းဇော်ထွန်းက အသိပညာပေး ဟောပြောပြီး တပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များ ဝေငှစဉ်။

**သန်းဝင်း**

# ကသာမြို့တွင် အဆင့်မြင့်ရေပေါ်ဈေး တည်ဆောက်ရန်ဆွေးနွေး

**ကသာ ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အဆင့်မြင့်ရေပေါ်ဈေးတည်ဆောက်ရန် ပဏာမဆွေးနွေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးရုံး၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည်။

**အကောင်အထည်ဖော်**

ကသာမြို့တွင် Tourism Attraction နေရာဖြစ်သည့် ကမ္ဘာကျော် Burmese Days ဝတ္ထုတွင်ပါရှိသော ကိုလိုနီခေတ်အဆောက်အအုံများဖြင့် ကမ္ဘာ့ Tourism Website များလည်း နာမည်ကျော်ကြားလာလျက်ရှိသည့်အတွက် လာရောက်တည်းခိုသော နိုင်ငံခြားသား ကမ္ဘာ့လှည့်ခရီးသွားများ တစ်နှစ်ထက်တစ်နှစ် တိုးလာခြင်းရှိသော်လည်း ပျမ်းမျှ နှစ်ရက်ထက်ပိုမိုနေထိုင်ခြင်းမရှိ၊ ခရီးသွားဆွဲဆောင်ခြင်းမရှိသည်ကိုတွေ့ရသဖြင့် Tourism Attraction Area တစ်နေရာအဖြစ် ကသာမြို့တွင် ဒေသရိုးရာစားသောက်ဆိုင်များ၊ ဒေသထွက်အမှတ်တရပစ္စည်းအရောင်းဆိုင် စသည့် ရေပေါ်ဈေးနေရာ အသုံးပြု၍ ပြည်တွင်းပြည်ပခရီးသွားများအား Sunrise View ကို ခံစားလည်ပတ်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း Hotel Katha မှ ဦးဘရန်အောင်က ရှင်းပြသည်။

ယခုလို ကသာမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ဖြစ်ပါက ဆိပ်ကမ်းသာယာလှပခြင်း၊ ကုန်တင်ကုန်ချဆိပ်ကမ်းများ၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာစေနိုင်မည်ဖြစ်ကြောင်း ပဏာမဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# လိပ်သို-ယာဒိုနှင့် လမ်းပေါ်တစ်လျှောက်ရှိ ကျေးရွာများဖွံ့ဖြိုးရေး ကရင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု



**ဘားအံ ဇန်နဝါရီ ၃၀**

ကရင်ပြည်နယ်၏ မြောင်းပိုင်းဒေသဖြစ်သော လိပ်သိုမြို့သည် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံး လမ်းပေါ်တွင်ရှိပြီး အဆိုပါလမ်းပေါ်ရှိကျေးရွာများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများသည် ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် လိပ်သိုမြို့ ယာဒိုကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံပြီး ယာဒိုဒေသသည် ငြိမ်းချမ်းလာသည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကော်ဖီ၊ နနွင်း၊ ဖာလာများလည်း အထွက်ကောင်းသည့်အတွက် များများစိုက်ပျိုးကြစေလိုကြောင်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းအပိုင်းကို ၂၀၁၉-၂၀၀၀ ဘဏ္ဍာနှစ်တွင် ထပ်မံ အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် ယာဒို၊ မှတ်ချောင်း၊ လိုရာဒို၊ ပရာယ်စော်၊ ကျေးရွာစာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် အုပ်ချုပ်ရေးရုံးအတွက် ဆိုလာမီးများ၊ ကျောင်းများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီး ဘုန်းတော်ကြီးကျောင်းတည်ဆောက်ရေး ဘိလပ်မြေအိတ် ၁၀၀ တန်ဖိုးအတွက် အလှူငွေကျပ် ခုနစ်သိန်းအား လှူဒါန်းရာ ယာဒိုကျောင်းအုပ်ဆရာမကြီးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် နယ်နိမိတ်မှတ်တိုင်အား သွားရောက်ကြည့်ရှုခဲ့ပြီး ထိုမှတစ်ဆင့် ယာဒို- လိပ်သို- တောင်ငူလမ်းအပိုင်းနှင့် လမ်းတံတားများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ခဲချောင်းကျေးရွာ၊ သောက်ရေခတ်ကျေးရွာ၊ သကွဲပလိုကျေးရွာ၊ ဗဟုန်းကျေးရွာနှင့် မစကျေးရွာ ကျောင်းနှင့် ကျန်းမာရေးဌာနခွဲများအတွက် ဆိုလာမီး၊ အားကစားပစ္စည်းနှင့် ဆန် အစရှိသော စားသောက်ကုန်များကိုလည်းကောင်း၊ လိပ်သိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ဆိုလာမီးများ၊ အားကစားပစ္စည်းနှင့် စာရေးကိရိယာများကိုလည်းကောင်း၊ အလယ်ချောင်းကျေးရွာ၊ ဇလဲ(ကဗ္ဗလာခြံ)ကျေးရွာ၊ သံမိုးတောင်ကျေးရွာ၊ မီးခတ်ချောင်းကျေးရွာကျောင်းများနှင့် ကျန်းမာရေးဌာနခွဲများအတွက် ဆိုလာမီး၊ အားကစားပစ္စည်းနှင့် အသုံးအဆောင်များကိုလည်းကောင်း ပေးအပ်သည်။

**လျှပ်စစ်မီးရရှိနေ**

အဆိုပါ တောင်ငူ-လိပ်သို-ယာဒို- လွိုင်ကော်-ဟိုပုံးလမ်းသည် ပဲခူး-ကရင်-ရှမ်း-ကယားပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဆက်သွယ်သွားလာနိုင်သော လမ်းပိုင်းဖြစ်သောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဒိုကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ရေအားလျှပ်စစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လိပ်သိုမြို့သည် ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်းလည်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# MPT မှ အညာဒေသရှိ ကျေးရွာခြောက်ရွာအား စက်ရေတွင်းများ တူးဖော်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၃၀**

အညာဒေသ သောက်သုံးရေရှားပါးရာ တိုင်းဒေသကြီးသုံးခုမှ ကျေးရွာခြောက်ရွာအား MPT မှ ၂၀၁၉ ခုနှစ်တွင် စက်ရေတွင်းများ ဆက်လက်တူးဖော်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ MPT ရုံးချုပ်တွင်ကျင်းပသော "သန့်ရှင်းပြည့်ဖြိုး ရေအကျိုး"အစီအစဉ် အခမ်းအနားမှ သိရသည်။

မြန်မာ့ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာ MPT ၏ မိတ်ဖက်လူမှုအဖွဲ့အစည်းများဖြစ်သော Network Activities Group (NAG)၊ Bridge Asia Japan (BAJ) နှင့်အတူ ပူးပေါင်း၍ သောက်သုံးရေရှားပါးသော ကျေးလက်ဒေသများအား စက်ရေတွင်းတူးဖော်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူ ၄၅၀၀ ကျော်မှာ သန့်စင်သောသောက်သုံးရေကို သုံးစွဲခွင့်ရရှိတော့မည်ဖြစ်သည်။

MPT မှ စက်ရေတွင်းနှင့် မြေသားကန် ၂၅ ခုကို ဆောက်လုပ်လှူဒါန်းခဲ့ပြီး စာသင်ကျောင်းနှင့် ကျေးရွာပေါင်း ၂၅ ခုမှ ကျေးလက်ပြည်သူ ၅၀၀၀၀ ကျော်နှင့် ယင်းဒေသနှင့်ဆက်စပ်လျက်ရှိသည့် ကျေးရွာတို့မှာ သန့်ရှင်းသောသောက်သုံးရေကို ယနေ့တိုင် သုံးစွဲလျက်ရှိသည်။ ယခုနှစ်ဆန်းပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ မြင်းခြံ၊ ညောင်ဦး၊ ရေနံချောင်း၊ ချောက်နှင့် မုံရွာမြို့တို့ရှိ သောက်သုံးရေရှားပါးသော ကန်နီ၊ ဒူလဘို၊ ရွာပုလဲ၊ သစ်မြင့်တော၊ မြေပဒုံနှင့် ပေါက်ငယ်တောရွာတို့အား စက်ရေတွင်းများ တူးဖော်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

MP T-KSGM JO ၏ စီးပွားရေးဌာနကြီးမှူး ဒုတိယအရာရှိချုပ်ဖြစ်သူ ဦးသိန်းဟုတ်က "ရာသီဥတုဟာ တစ်နှစ်ထက်တစ်နှစ် ကမ္ဘာကြီးပူနွေးလာတာနဲ့အမျှ ရေရှားပါးမှုဟာ ကြုံတွေ့လာနေရပါတယ်။ မြန်မာပြည်ရဲ့ အညာဒေသတွေမှာ ပိုပြီးတွေ့ရမှာပါ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဖော်ဆောင်တဲ့အခါမှာ ဗလငါးတန်ပြည့်စုံမှုဟာ အရေးပါတဲ့အတွက် နေ့စဉ်သုံးစွဲနေတဲ့ သောက်သုံးရေဟာ ခန္ဓာကိုယ်နဲ့ ကျန်းမာရေးအတွက် အဓိကကျတာကြောင့် ရေရှားပါးတဲ့အညာဒေသတွေမှာ ဦးစားပေးပြီး ရေတွင်းရေကန်တူးဖော်လှူဒါန်းမှုတွေကို မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ၂၀၁၉ ခုနှစ် ရေတွင်းရေကန်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

၂၀၁၇ ခုနှစ်တွင် ကျေးရွာပေါင်း ၁၃ ရွာမှ အိမ်ခြေပေါင်း ၈၄၀၀ ကျော်၊ လူဦးရေ ၃၈၀၀၀ ခန့်၊ ၂၀၁၈ ခုနှစ်တွင် ကျေးရွာပေါင်း ၁၃ ရွာမှ အိမ်ခြေ ၂၀၀၀ ခန့်၊ လူဦးရေ ၈၄၀၀ အား သန့်စင်သောသောက်သုံးရေကို တူးဖော်လှူဒါန်းခဲ့ပြီး သောက်သုံးရေရှားပါးသည့် အညာဒေသမှ ကျေးရွာခြောက်ရွာကို လည်း စက်ရေတွင်းများ စတင်တူးဖော်နေပြီဖြစ်ကြောင်း သိရသည်။

**သတင်း-သစ္စာ ဓာတ်ပုံ -ကနူး**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲနှင့်ဆုချီးမြှင့်ပွဲ ဒိုက်ဦး၌ ကျင်းပ

**ဒိုက်ဦး ဇန်နဝါရီ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ ဒိုက်ဦးမြို့ နယ်တိုင်းဒေသကြီး -၂ လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီတို့က အမှာစကား ပြောကြားကြပြီး ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက မြစိမ်းရောင်စီမံကိန်းရည်ရွယ်ချက်နှင့် ဆုချီးမြှင့်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၃၁ ရွာမှ စံပြဆု ကမာဖရုံကျေးရွာ၊ စာရင်းဇယားဆု လက်ပံသုံးခွကျေးရွာ၊ ကော်မတီအကောင်းဆုံးဆု ဘုရားကြီးကွင်းကျေးရွာတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ ၃၁ ရွာမှ ကျေးရွာကော်မတီများအား စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

# ပထမဆုံးအကြိမ် နိုင်ငံတကာရေဆေးပန်းချီပွဲတော် ကျင်းပ ပြည်တွင်း၊ ပြည်ပ ရေဆေးပန်းချီပညာရှင်များ လက်တွေ့ရေးဆွဲပြသ



**ရန်ကုန် ဇန်နဝါရီ ၃၀**
နိုင်ငံတကာရေဆေးပန်းချီအသင်းက မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် နိုင်ငံတကာမှ ရေဆေးပန်းချီဆရာများနှင့် မြန်မာ့ရေဆေးပန်းချီဆရာများပါဝင်သော နိုင်ငံတကာ ရေဆေးပန်းချီပွဲတော် Peaceful Golden Heritage(1st International Watercolor Festival Myanmar 2019) ကို ရန်ကုန်မြို့ The Strand Hotel Yangon (Ballroom) ၌ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းမှစတင်၍ ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရေဆေးပန်းချီပညာရှင်များက လက်တွေ့ရေးဆွဲပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါ နိုင်ငံပေါင်း ၃၇ နိုင်ငံရှိ နိုင်ငံတကာမှ ရေဆေးပန်းချီဆရာများအပါအဝင် မြန်မာ့ရေဆေးပန်းချီဆရာ ၂၆၅ ဦး တို့ ပါဝင်ရေးဆွဲနေသော ပန်းချီပွဲတော်၌ စင်ကာပူ၊ ကနေဒါ၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်း၊ ဟောင်ကောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ရှိ Master Artists ၁၀ ဦးတို့မှ ပွဲတော်လာ ပြည်တွင်း၊ ပြည်ပအသီးသီးမှ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ကြစေရန်အတွက် လက်တွေ့ပန်းချီရေးဆွဲပြသခဲ့ကြပြီး မွန်းလွဲပိုင်းတွင် မြန်မာ့ရေဆေးပန်းချီဆရာ ၉၀ ကျော်နှင့် နိုင်ငံတကာ ရေဆေးပန်းချီဆရာများပူးပေါင်း၍ ၆၃ မီတာရှည်သော Archie Paper ပေါ်၌ အတူတကွ ရေးဆွဲခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာရေဆေးပန်းချီပွဲတော်မှ ရေဆေးပန်းချီကားချပ်များအား ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး ရောင်းချရရှိသည့် ငွေကြေးများ အနက်မှ ၃၀ ရာခိုင်နှုန်းကို IWS အတွက်ရန်ပုံငွေအဖြစ် ထည့်ဝင်ကြမည်ဖြစ်ကာ ပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ရေဆေးပန်းချီအဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၀ ကျော်ရှိသည့်အနက် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ပြီး အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် နိုင်ငံတကာရေဆေးပန်းချီပွဲတော်အား နိုင်ငံအလိုက် နှစ်စဉ်လှည့်လည်ကျင်းပပြသလျက်ရှိသည်။ **ပွင့်သစ္စာ**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုပွဲများကျင်းပ

**ယင်းမာပင်**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို အလယ်တန်းအဆင့် အတွေးပန်းချီပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁နာရီခွဲက ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်က ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ရဲ့စိတ်ကူးအတွေးပုံရိပ်များဖြင့် ပုံဖော်ဖန်တီးနိုင်သော အရည်အချင်းများ တိုးတက်လာစေရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ ပြိုင်ပွဲတွင် ယင်းမာပင်မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၁ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**သန်းငွေအောင်(ကနီ)**

**တောင်တွင်းကြီး**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့မ အခြေခံပညာအလယ်တန်းကျောင်း၌ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို နယ်လှည့်အသိပညာပေးလုပ်ငန်းများကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါနယ်လှည့်အသိပညာပေးလုပ်ငန်းတွင် မြို့မကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးအေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်ချိုမီအောင်က ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများ ဟောပြောပြီး ကျောင်းသား ကျောင်းသူများက မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ချိုမီအောင်(ပြန်/ဆက်)**

**ဘော်လခဲ**
(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ဘော်လခဲမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စွာမြင့်က ပင်လုံစာချုပ် လက်မှတ်ရေးထိုးပြီး စည်းလုံးညီညွတ်မှုကို ပြသကာ ပြည်ထောင်စုစိတ်ဓာတ်ထားရှိပုံ၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက တာဝန်ရှိပုံစသည်တို့ကို ဟောပြောသည်။

ထို့နောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုဓာတ်ပုံများကို ကျောင်းသားကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖိုးရယ်(ဘော်လခဲ)**

# သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၃၀**
မတ် ၂၄ ရက်တွင် ပြုလုပ်မည့် တတိယအကြိမ်မြောက် သတင်းနှင့်စာနယ်ဇင်းမှ အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်းများ ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲအတွက် ကွယ်လွန်သူ ဦးစံတင် အသက် ၆၆ နှစ် ကြေးမုံသတင်းစာတိုက်(ငြိမ်း)မိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းအမှုဆောင်များက လက်ခံရယူ၍ သာဓု အနုမောဒနာ ခေါ်ဆိုခဲ့ကြသည်။



အသင်းကြီးက ကြီးမှူးပြုလုပ်မည့် အဆိုပါ အခမ်းအနားအတွက် ပါဝင်လှူဒါန်းလိုသူများ၊ အသက် ၈၀ နှင့်အထက် အသင်းသားကြီးများနှင့်အသင်းဝင်လိုသူများ၊ နှစ်စဉ်ကြေးပေးသွင်းလိုသူများသည် အသင်းအတွင်းရေးမှူး၊ ဦးဇော်ဝင်း ဖုန်း-၀၉-၄၂၀၁၀၁၃၈၉ နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း-၀၉-၄၄၀၃၇၇၆၃၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ကိုဇော်**

# ဒေးဒရဲတွင် လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲ ကျင်းပ

**ဒေးဒရဲ ဇန်နဝါရီ ၃၀**
ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်စေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်း (၁/၂၀၁၉)ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းနည်းပြ ဆရာများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

သင်တန်းသို့သင်တန်းသား စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၀ ရက်မှ ၂၉ ရက်အထိ ရက် ၂၀ ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# Laptop၊ printer မိတ္တူကူးစက်နှင့်အားကစားပစ္စည်းများပေးအပ်

**ဒီမော့ဆို ဇန်နဝါရီ ၃၀**
ကယားပြည်နယ် ဝန်ကြီးချုပ်နှင့်လိုပူကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ တွေ့ဆုံပွဲခရီးစဉ်တွင် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တင်ပြသည့် Laptop၊ printer၊ မိတ္တူကူးစက်နှင့် အားကစားပစ္စည်းများ သွားရောက်ပေးအပ်ခြင်းကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက ဒီမော့ဆိုမြို့နယ် လိုပူဒေါ်ဆီးအီကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးဉာဏ်လှိုင်က ပြည်နယ်ဝန်ကြီးချုပ် ခရီးစဉ်တွင် ဆရာ ဆရာမများက ကျောင်းအတွက်လိုအပ်သော Laptop၊ printer နှင့် မိတ္တူကူးစက်ထောက်ပံ့ပေးနိုင်ရေးတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းအတွက် လိုအပ်သည်များ ဝယ်ယူနိုင်ရန် ထောက်ပံ့ငွေများပေးအပ်ခဲ့သည့်အတွက် လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးသိန်းမိုးအောင်က အားကစားနှင့်ပတ်သက်သော အသိပညာများကို ကျောင်းသားကျောင်းသူများအား ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် လိုပူဒေါ်ဆီးအီကျေးရွာ မူလွန်ကျောင်းအတွက် Laptop၊ printer၊ နာယောင်လာကျေးရွာ မူလွန်ကျောင်းအတွက် မိတ္တူကူးစက်နှင့် အားကစားပစ္စည်းများနှင့် အားကစားမဂ္ဂဇင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရီရယ်(ဒီမော့ဆို)**

# ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးသစ်ဖလား PPT CUP ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေးမြို့ရေတံခွန်တောင် ဂေါက်ကွင်းတွင် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၀**
လူငယ်မျိုးဆက်သစ် ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာရေးနှင့် မြန်မာ့ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီက အဓိက ကူညီပံ့ပိုးထားသော ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးသစ်ဖလား PPT CUP ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၆ နာရီခွဲက မန္တလေးမြို့ရေတံခွန်တောင် ဂေါက်ကွင်းတီခုံ ၁၀ ၌ ကျင်းပသည်။

ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလျှုကျိန်းချန်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ထွန်း၊ အထက်မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ကိုနှင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် CEO ဦးမောင်မောင်သိန်းတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါ PPT CUP ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မန္တလေးမြို့မှ အသင်း ၂၁ သင်းနှင့် အနီးပတ်ဝန်းကျင် ၁၉ သင်းတို့မှ ဂေါက်သီးကစားသမားပေါင်း ၂၅၆ ဦးတို့ပါဝင်ကြပြီး ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ၁၈ ကျင်း နှစ်ရက်၊ ၃၆ ကျင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် တစ်ဦးချင်း အကျော့မဲ့ပြိုင်ပွဲနှင့် အသင်းလိုက် အကျော့ပေးပြိုင်ပွဲများ ပါဝင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# အခုအခါမှာ တကယ့်ကို အသွင်ပြောင်းလာတဲ့အချိန်မှာ စာကြည့်တိုက်ဆိုတာ တကယ်ကို အားလုံးပျော်ရွှင်ပြီးတော့ စိတ်ချမ်းမြေ့မှုရတဲ့ နေရာတစ်ခုဖြစ်တယ်

ဒေါ်မြတ်စမ်းငြိမ်း

## စာကြည့်တိုက် အသုံးပြုမှုဆိုင်ရာ ပညာရေးစကားဝိုင်း

**စာကြည့်တိုက်အသုံးပြုမှုဆိုင်ရာ ပညာရေးစကားဝိုင်း အပိုင်း(၁)နှင့်(၂)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ခိုင်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူးကြီး ဒေါ်ယုယုတင်၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မြတ်စမ်းငြိမ်း၊ မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**

သတင်းအဖွဲ့

**(ယမန်နေ့မှအဆက်)**

**အစီအစဉ်မှူး။ ။ စာကြည့်တိုက်တွေ ရေရှည်တည်တံ့ရေးအတွက် လူမှုအဖွဲ့အစည်းဆိုင်ရာ စာကြည့်တိုက်များဆိုတဲ့ Community Library ပူးပေါင်းပါဝင်မှုကိုလည်း ဆရာမကဆက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်မြတ်စမ်းငြိမ်း။** ။ ဒါက သိပ်အရေးကြီးပါတယ်။ Beyond Access Myanmar Project ဆိုတာ Community librarian တွေနဲ့တွဲပြီးတော့ မိတ်ဖက်အနေနဲ့ လုပ်နေကြတာ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက်မှူးတွေရဲ့အကူအညီနဲ့ ကျွန်မတို့ ကျောင်းစာကြည့်တိုက်တွေ အကောင်အထည်ဖော်ရတာ ဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်တွေမှာ ကျောင်းအုပ်ကြီးတွေ၊ ဆရာ ဆရာမတွေ၊ မိဘတွေအားလုံးနဲ့အတူ တွဲဖက်လုပ်ကိုင်နေတာကတော့ Community စာကြည့်တိုက်မှူးတွေပါ။ ပြည်သူ့စာကြည့်တိုက်မှူးတွေ၊ ရပ်ရွာအခြေပြု စာကြည့်တိုက်မှူးတွေက ဒီကျောင်းတွေမှာ သွားပြီးတော့ ဒီကျောင်းတွေရဲ့ လိုအပ်ချက်တွေ၊ အောင်မြင်မှုတွေကို မှတ်တမ်းလုပ်ထားတာပါ။ အောင်မြင်မှုရော၊ လိုအပ်ချက်ရော မှတ်တမ်းလုပ်ပြီး ဘယ်နေရာမှာ ဝိုင်းဝန်းဖြည့်ဆည်းပေးရမလဲဆိုတာကို အမြဲအဖြေရှာပါတယ်။ ဒီ Library Observation Form ဆိုတဲ့ဟာကို Let's Read Project ကချမှတ်ထားပြီးဖြစ်ပါတယ်။

### ရေရှည်တည်တံ့

ဒီနေရာမှာ Community စာကြည့်တိုက်မှူးတွေ၊ ပြည်သူ့စာကြည့်တိုက်မှူးတွေကို Credit ပေးရမှာဖြစ်ပါတယ်။ သူတို့က တစ်လကို နှစ်ခါ၊ သုံးခါ တတ်နိုင်သလို သွားပါတယ်။ သွားပြီးတော့ ကျောင်းအုပ်ကြီးနဲ့ ဆွေးနွေးတယ်၊ ဆရာ ဆရာမတွေနဲ့ ဆွေးနွေးတယ်။ ရေရှည်တည်တံ့ဖို့အတွက် အဓိကအရေးကြီးဆုံးက ဘယ်သူလဲ။ ကျောင်းစာကြည့်တိုက်တစ်ခုက ဒီ Generation ကနေ Next Generation အထိ Forever အသက်ရှင်နိုင်ဖို့ ရေရှည်တည်တံ့ဖို့က ဆရာ ဆရာမများနဲ့ မိဘများပဲ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာမအနေနဲ့ အခြေခံပညာကျောင်းတွေမှာ ကျောင်းစာကြည့်တိုက်အသုံးပြုမှုနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်နေတာလေးတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဒေါ်သစ်သစ်ခိုင်။** ။ ကျောင်းစာကြည့်တိုက်တွေမှာ ဆိုရင် ကလေးတွေက ကလေးဘဝကတည်းက ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်နဲ့ ပညာဗဟုသုတတွေ ရှာမှီးတတ်တဲ့ အလေ့အကျင့်တွေ ရရှိလာဖို့အတွက် အထူးလိုအပ်ပါတယ်။ ကလေးဘဝကတည်းက စာဖတ်တတ်တဲ့ အလေ့အကျင့်တွေရဖို့ အများကြီးလိုအပ်ပါတယ်။ အဲဒီလို ကလေးတွေ စာဖတ်လာဖို့ဆိုရင် ကျွန်မတို့က စာကြည့်တိုက်တွေကို သွားချင်အောင်၊ စာဖတ်ချင်အောင်၊ တစ်ယောက်နဲ့ တစ်ယောက်ပြန်ပြီး Share လုပ်ချင်အောင်၊ သူတို့သိခဲ့တဲ့ အသိလေးတွေကို ပြန်ပြီးတော့ ပြောကြမယ်။ ဆရာ ဆရာမများကလည်း သူတို့မဖတ်နိုင်တဲ့ အကြောင်းအရာလေးတွေကို ပြောပြပြီး ရှင်းပြမယ်ဆိုရင် ဒီစာကြည့်တိုက်က သူတို့အတွက် အကျိုးရှိတဲ့နေရာ၊ ပျော်စရာကောင်းတဲ့ နေရာ၊ သူတို့မသိတာတွေကို သိဖို့အတွက် လုပ်ပေးတဲ့နေရာလို့ သူတို့က ခံယူထားကြမှာပါ။

### ထပ်မံလေ့လာနိုင်

ကလေးတွေအနေနဲ့ စာကြည့်တိုက်တွေကို သွားပြီးတော့ အသုံးပြုမယ့်အချိန်ကို သတ်မှတ်ပေးမယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေမယ်ဆိုပြီးတော့ ဆရာကြီးတို့ဘက်ကနေ တောင်းဆိုပါတယ်။ ဒါကြောင့် ကျွန်မတို့ အခြေခံပညာဦးစီးဌာနအနေနဲ့ အခြေခံကျောင်းတွေမှာ တစ်ပတ်ကိုတစ်ကြိမ် စာကြည့်တိုက် အသုံးပြုချိန်အနေနဲ့ အသုံးပြုပြီးတော့ ကလေးတွေကို စာဖတ်ခန်း၊ စာကြည့်တိုက်ကို လွှတ်ပေးပါဆိုပြီးတော့ ညွှန်ကြားပါတယ်။ အဲဒီအတိုင်းပဲ ကျောင်းတော်တော်များများမှာတော့ လိုက်နာဆောင်ရွက်နေတာတွေ့ရပါတယ်။ နောက်တစ်ခုက ကလေးတွေ စာကြည့်တိုက်အသုံးပြုလာဖို့အတွက်က ဆရာ ဆရာမတွေအနေနဲ့လည်း အများကြီးလိုအပ်ပါတယ်။ ဆရာ ဆရာမတွေက စာကြည့်တိုက်ကိုသွားဖို့အတွက် ကြီးကြပ်ပြီးတော့ လမ်းညွှန်ဆောင်ရွက်မယ့်၊ အခုလက်ရှိ ပြဋ္ဌာန်းစာအုပ်မှာသင်ရတဲ့ အကြောင်းအရာတွေနဲ့ ချိတ်ဆက်ပြီးတော့ စာကြည့်တိုက်က ထပ်မံလေ့လာနိုင်မယ့် အကြောင်းအရာလေးတွေကို ကျွန်မတို့က သင်ခန်းစာခေါင်းစဉ်လေးပေးပြီး သူတို့ကို လေ့လာခိုင်းမယ်၊ လုပ်ငန်းလေးတွေပေးမယ်ဆိုရင် ကလေးတွေက မဖြစ်မနေ စာကြည့်တိုက်ကိုသွားပြီး လေ့လာကြမှာပါ။

အဲဒီလိုလုပ်ငန်းလေးတွေပေးဖို့ ဒီဘက်မှာလည်း ဆရာ ဆရာမတွေကို အစည်းအဝေးတွေမှာ ညွှန်ကြားတယ်။ ပြောပြတယ်။ ဆွေးနွေးတယ်။ အခုလည်း ကျောင်းတော်တော်များများမှာ ဆောင်ရွက်လာပါပြီ။ ကလေးတွေ စာဖတ်တတ်တဲ့ အလေ့အကျင့်ရရှိဖို့ဆိုရင် အသက်ကြီးမှ ဒီလုပ်ငန်းကို လုပ်လို့မရပါဘူး။ မူလတန်းအဆင့်အရွယ်ကတည်းက ကလေးဟာ စာဖတ်ခြင်းအလုပ်ကို သူသည်ပျော်မယ်၊ ဒီစာကြည့်တိုက်ကို သွားချင်တဲ့စိတ်ဖြစ်အောင် လေ့ကျင့်ပေးရပါမယ်။ အခုလည်း ကျောင်းတွေမှာ ကလေးမိတ်ဆွေ စာကြည့်တိုက်လေးတွေဖြစ်လာဖို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ စာကြည့်တိုက် အသုံးပြုသူတွေများပြားပြီးတော့ ရေရှည်တည်တံ့အောင် ဆောင်ရွက်သင့်တဲ့လုပ်ငန်းတွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာသန့်သော်ကောင်း။** ။ ဒါဟာ အင်မတန်အရေးကြီးပါတယ်။ စာကြည့်တိုက်ဆိုတာက ဖွင့်ရတာလွယ်ပါတယ်။ ထိန်းသိမ်းရတာခက်ပါတယ်။ ရေရှည်တည်တံ့ဖို့အတွက် လုပ်သင့်တဲ့ အချက်လေးတွေရှိပါတယ်။ အဓိကခြောက်ချက်လောက် ဆွေးနွေးချင်ပါတယ်။ နံပါတ်(၁)ကတော့ Fresh ဖြစ်ဖို့လိုပါတယ်။ စာကြည့်တိုက်တွေဟာ အမြဲသစ်လွင်ရမယ်။ စာကြည့်တိုက်ရဲ့အခန်းကလည်း သစ်လွင်နေဖို့လိုသလို စာအုပ်တွေကလည်း သစ်လွင်ဖို့လိုပါတယ်။ ကျွန်တော်တို့ပေးထားတဲ့ စာအုပ်တစ်အုပ်ဟာ ခြောက်လလောက်ဆိုရင် ကလေးတွေက အကုန်ဖတ်ပြီးသွားပြီ ဖြစ်ပါတယ်။ အဲဒီအခါကျရင် အသစ်တွေက ထပ်လိုလာလိမ့်မယ်။ ဒါကြောင့် နောက်ထပ် စာအုပ်အသစ်ထပ်ရနိုင်ဖို့ကို သင်တန်းတွေမှာလည်းပို့ချပါတယ်။ ကျွန်တော်တို့ဘက်ကလည်း လှူနိုင်ရင်လှူမယ်၊ မလှူနိုင်ရင်လည်း ဒီကျောင်းမှာရှိတဲ့ မိတ်ဖက်အဖွဲ့တွေရှိတယ်။ မိဘဆရာအသင်းတို့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နဲ့ ချိတ်ဆက်ပြီးတော့ စာအုပ်တွေကို လှူနိုင်အောင်၊ ရနိုင်အောင် ကြိုးစားဖို့ပါ။ အခန်းရော၊ စာအုပ်ရော၊ လူကလည်း Fresh ဖြစ်နေဖို့လိုပါတယ်။

### ကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်

Regular Activities က အခုဆိုရင် တစ်ပတ်တစ်ကြိမ်ကို ပုံမှန်စာကြည့်တိုက် မသွားမနေရပေါ့။ ကလေးတွေက တက်တက်ကြွကြွနဲ့ မတိုက်တွန်းဘဲကို သွားတာပါ။ ပျော်လို့ကို သွားတာပါ။ အဲဒီအချိန်မှာ စာဖတ်ခြင်းလေးမျိုးကို အလှည့်ကျလုပ်တယ်။ နောက်ပိုင်းကျရင်တော့ Read Review လေးတွေ လုပ်တာမျိုးတွေရှိလာမယ်။ ပြိုင်ပွဲလေးတွေ လုပ်တာမျိုးတွေရှိလာမယ်။ ဒါက ပုံမှန်လှုပ်ရှားမှုပါ။ အရေးကြီးတဲ့ တစ်ချက်ကတော့ Ownership ပြန်ပေးဖို့လိုပါတယ်။ ကျောင်းသားကျောင်းသူတွေပိုင်တဲ့ စာကြည့်တိုက်လေးဖြစ်ပါတယ်။ ဒီ စာကြည့်တိုက်လေး ရေရှည်တည်တံ့ဖို့ သားတို့သမီးတို့က ဒါကိုမွမ်းမံပါ၊ ထိန်းသိမ်းပါဆိုတဲ့အခါ ကလေးတွေကိုယ်တိုင်ကပါဝင်လာပြီး စာအုပ်ကို ဝိုင်းစီပေးတာ၊ လုပ်အားပေးဝင်လုပ်ပေးတာ ဒါမျိုးလေးတွေကို တွေ့ရပါတယ်။ ဒါကျွန်တော်တို့က Ownership ပေးတာပါ။ ဒါမှသာလျှင် ဒီစာကြည့်တိုက်လေးသည် သူတို့ပိုင်တဲ့ စာကြည့်တိုက်လေးပါလားဆိုတဲ့ အမြင်လေးဖြစ်မှသာလျှင် သူတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်မှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ Ownership ကို ရပ်ရွာကိုလည်း ပေးဖို့လိုပါတယ်။ ဒါမှလည်း ရပ်ရွာကလည်း တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ပေးလို့ရမှာပါ။

နံပါတ် (၄) အချက်က Partnership ပူးပေါင်းဆောင်ရွက်မှုပါ။ ဒီ Project ဆိုရင်လည်း ကျွန်တော်တို့ တစ်ဖွဲ့တည်းလုပ်တာမဟုတ်ပါဘူး။ ပြည်တွင်းမှာဆိုရင် MBAPF အပြင် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ပညာရေးဝန်ကြီးဌာနက အဓိကပါတယ်။ နိုင်ငံတကာမှာတော့ Room to Read က အဓိကပါပါတယ်။ အခုရက်ပိုင်းမှာတော့ MAX Power ဆိုတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအဖွဲ့ကလည်း စာကြည့်တိုက် ၁၅ လုံးကို ရင်းနှီးမြှုပ်နှံထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးကလည်း စာကြည့်တိုက် ၁၆ လုံး အထိ လှူထားတာရှိပါတယ်။ ဒီ Partnership က ကျွန်တော်တို့ရဲ့ တာဝန်ပါ။ ကျွန်တော်တို့က အမြဲတမ်းရှာရတာပေါ့။ အခုဆိုရင် UNICEF နဲ့ စကားပြောနေတာရှိတယ်။ ကျောင်းပေါင်းနောက်ထပ် ၄၉ ကျောင်းလောက်ထပ်ပြီး တိုးချဲ့ဖို့တွေရှိနေပါတယ်။ ကျွန်တော်တို့ ပံ့ပိုးတဲ့သူတွေက Partnership လုပ်ဖို့လိုသလို ကျောင်းတွေဘက်ကလည်း ကျောင်းအကျိုးတော်ဆောင်တွေနဲ့ Partnership တွေ ရှာဖို့လိုပါတယ်။

### စွမ်းဆောင်ရည်မြှင့်

နောက်တစ်ချက်က Capacity Building လို့ခေါ်ပါတယ်။ စာကြည့်တိုက်မှူး စွမ်းဆောင်ရည်မြှင့်သင်တန်းတွေ ပေးဖို့လိုပါတယ်။ အဓိကက စာကြည့်တိုက်တစ်ခုကို ဘယ်လို Management လုပ်ရမလဲ၊ စာဖတ်ချိန်ကို ဘယ်လိုအကျိုးရှိအောင် အသုံးချရမလဲ၊ ကိုယ့်စာကြည့်တိုက်တွေကို ကောင်းကောင်းဘယ်လိုလုပ်ရမလဲ၊ ဒါမျိုးတွေကို Training ကောင်းကောင်း ပေးပါတယ်။ ဒါမှသာလျှင် စာကြည့်တိုက်တွေကို သွားတဲ့အခါမှာ သေချာလုပ်တတ်မယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ အရေးကြီးဆုံးကတော့ M and E လို့ ခေါ်ပါတယ်။ Monitory and Evaluations ပေါ့။ ကိုယ်လုပ်နေတဲ့အလုပ်က ဘယ်လောက်အထိ အောင်မြင်နေလဲ၊ ဘယ်လောက်အတိုင်းအတာအထိ ဖြစ်နေပြီလဲ။ စောစောကပြောခဲ့တဲ့ Observation Form လေးကို Community Librarian နဲ့ ရပ်ရွာစာကြည့်တိုက်မှူးတွေက ယူရမယ်။ ကျောင်းတွေကိုယူသွားပြီးတော့ ကြည့်မယ်။ နောက်ခြောက်လလောက်ဆိုရင် အခုလုပ်နေတဲ့ Project က ၇၁ ကျောင်းမှာ Categories သုံးမျိုးကွဲသွားပါလိမ့်မယ်။ တစ်ခုကတော့ Developing လို့ခေါ်တဲ့ ဖွံ့ဖြိုးဆဲစာကြည့်တိုက်၊ တစ်ခုကတော့ Functional လို့ခေါ်တဲ့ လုပ်ငန်းလည်ပတ်နေပြီးတဲ့ စာကြည့်တိုက်၊ နောက်တစ်မျိုးကတော့ Highly Functional လို့ခေါ်တဲ့ အစွမ်းကုန် လည်ပတ်နေပြီးတဲ့ စာကြည့်တိုက်ဆိုပြီးတော့ Categories သုံးမျိုးကွဲသွားပါတယ်။

**စာမျက်နှာ ၁၉ သို့ ❖**



❖ စာမျက်နှာ ၁၈ မှ

ဒါမျိုးတွေကို နောက်ခြောက်လလောက်ဆို မြင်ရပါလိမ့်မယ်။ ဒီရေရှည်တည်တံ့ဖို့အတွက်က ဒီခြောက်မျိုးက အရေးအကြီးဆုံးဖြစ်ပါတယ်ဆိုတာကို တင်ပြချင်ပါတယ်။

**အစီအစဉ်မှူး။ ။ အဆင့်မြင့်ပညာကဏ္ဍမှာ ကျောင်းသား ကျောင်းသူတွေရဲ့ စာကြည့်တိုက်အသုံးပြုမှုနဲ့ပတ်သက်ပြီးတော့ ဘယ်လိုစာပေမျိုးတွေ လေ့လာဖတ်ရှုနေတယ်ဆိုတာ သိပါရစေ။**

**ဒေါ်ယုယုတင်။** ။ အဆင့်မြင့်ပညာကဏ္ဍရဲ့ တက္ကသိုလ် ကောလိပ်တွေမှာဆိုရင် ကျောင်းသား ကျောင်းသူတွေက သုတစာပေရော၊ ရသစာပေရော မျှမျှတတဖတ်ကြပါတယ်။ ပညာရပ်ဆိုင်ရာ စာအုပ်တွေကိုလည်း လေ့လာဖတ်ကြတယ်။ နောင် သူတို့ရဲ့ Major နဲ့ဆိုင်တဲ့ Psychology၊ Philosophy၊ Chemistry တို့၊ Maths တို့နဲ့ ပတ်သက်တဲ့ စာအုပ်တွေလည်းဖတ်တယ်။ ဗဟုသုတရမယ့် ဉာဏ်စမ်းပဟေဠိ စာအုပ်မျိုး၊ ကျန်းမာရေးနဲ့ပတ်သက်တာမျိုး၊ ကမ္ဘာ့နိုင်ငံအကြောင်း၊ စီးပွားရေး၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့ စာအုပ်မျိုးတွေ ဖတ်ကြပါတယ်။ ရသအနေနဲ့ဆိုရင် မြသန်းတင့်တို့၊ ဂျူးတို့၊ ဂျာနယ်ကျော်မမလေးစတဲ့ ဘာသာပြန်စာအုပ်မျိုးလည်း ဖတ်ကြပါတယ်။ နောက်ပြီးတော့ ကျမ်းပြုတဲ့သူတွေ၊ သုတေသနပြုနေတဲ့သူတွေ အားလုံးကလည်း လာပြီးတော့ အရင်က မဂ္ဂဇင်းဟောင်းတွေ၊ သတင်းစာတွေ သူတို့နဲ့ ပတ်သက်ရာ လိုအပ်တဲ့ information တွေကို လာပြီးတော့ ဖတ်ကြပါတယ်။ နောက်ပြီးတော့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာ စာအုပ်စာတမ်းအပြင် ပေ၊ ပုရပိုက်တွေလည်း စုဆောင်းထားတဲ့အတွက်ကြောင့် ပြင်ပ သုတေသီတွေရောလာပြီး ပေ၊ ပုရပိုက်တွေကိုလေ့လာပြီး အဲဒီမှာပါတဲ့ ဆေးကျမ်းတို့၊ ဓမ္မသတ်တို့၊ ဘာသာရေးဆိုင်ရာတို့၊ နက္ခတ်တို့၊ ဗေဒင်ကျမ်းတို့နဲ့ ပတ်သက်တာမျိုးတွေလည်း လာပြီးတော့ ဖတ်ကြပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာမတို့ရဲ့ စာကြည့်တိုက်ကို လူတိုင်းက အသုံးပြုနိုင်ပါသလား။ နောက် ကျောင်းသားမဟုတ်တဲ့ လူတွေအတွက်ရော ဘယ်လိုမျိုး စီစဉ်ထားလဲဆိုတာ ရှင်းပြပေးစေလိုပါ တယ်။**

**ဒေါ်ယုယုတင်။** ။ ကျွန်မတို့ စာကြည့်တိုက်က ရန်ကုန် တက္ကသိုလ်ဝင်းထဲမှာရှိပြီး ရန်ကုန်တက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေလည်း ဖတ်နိုင်ပါတယ်။ ပြင်ပလူတွေအနေနဲ့ ဖတ်ဖို့အတွက် မှတ်ပုံတင်ကတ်ပြားကိုပြသပြီး ဖတ်လို့ရပါတယ်။ မိတ္တူကူးလို့ရတယ်။ Scan ဖတ်ပေးတယ်။ Digital Type လုပ်ပေးတယ်။ အိမ်ကိုငှားသွားမယ်ဆိုရင်တော့ နှစ်အုပ်ပေးငှားပါတယ်။ ပြင်ပလူတွေအတွက်လည်း အငှားကတ်လေးတွေ လုပ်ပေးထားပါတယ်။

**အစီအစဉ်မှူး။ ။ ဒီစကားဝိုင်းနဲ့ပတ်သက်ပြီး မိဘ ပြည်သူတွေ၊ ကျောင်းသား ကျောင်းသူတွေကို အသိပေးပြောကြားလိုတဲ့ အကြောင်းအရာလေးတွေရှိရင်လည်း ဖြည့်စွက် ပြောကြားပေးစေလိုပါတယ်။**

**ဒေါ်သစ်သစ်နိုင်။** ။ ပညာရေးဝန်ကြီးဌာန အခြေခံပညာ ဦးစီးဌာနအနေနဲ့ ဖြည့်စွက်ပြောချင်တာကတော့ စာကြည့်တိုက်တွေ အသုံးပြုမှုနဲ့ ပတ်သက်ပြီး အဓိက ကတော့ ကျောင်းအုပ်ကြီးပါ။ ကျောင်းအုပ်ကြီးရဲ့ စွမ်းဆောင်ရည်အပေါ်မူတည်ပြီး ကိုယ့်ကျောင်းရဲ့စာကြည့်တိုက်တစ်ခုရဲ့ သက်ဝင်လှုပ်ရှားမှု၊ Functional ဖြစ်မှုတွေဟာ ဒီကျောင်းအုပ်ကြီးအပေါ်မှာ အလွန်အရေးကြီးပါတယ်။ ဒီကျောင်းအုပ်ကြီးက စာကြည့်တိုက်လုပ်ငန်းကို စိတ်ဝင်တစားနဲ့ ဆရာ ဆရာမတွေနဲ့ရော၊ မိဘ၊ ဆရာတွေနဲ့ရော ပြင်ပ Community အဖွဲ့တွေနဲ့ပါ ပူးပေါင်းပြီးတော့ ကလေးတွေအတွက်ကိုလည်း မိတ်ဆွေစာကြည့်တိုက်တစ်ခုဖြစ်ဖို့ဆိုတာ လိုအပ်တဲ့စာအုပ်တွေက Update နဲ့ပတ်သက်ပြီး ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ ကျောင်းအုပ်ကြီးက သူ့ရဲ့အဖွဲ့တွေနဲ့ ပူးပေါင်းပြီး သူသည် အမြဲတမ်းစဉ်းစားပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းအုပ်ကြီးတွေသည် ကျောင်းတွေမှာ သင်ကြားရေးသာမကဘဲနဲ့ ကလေးဘဝကတည်းကနေ သူတို့ အသက်ကြီးလာတဲ့အထိ အကျိုးရှိသွားမယ့် စာဖတ်ခြင်းအလေ့အကျင့်ကို ရှင်သန်နိုင်ဖို့က လုပ်ပေးရမယ့် တာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ကျောင်းတစ်ကျောင်းရဲ့ စာကြည့်တိုက်ဖွံ့ဖြိုးဖို့အတွက်ဆိုရင် ကျောင်းအုပ်ကြီး အပါအဝင် ဆရာ ဆရာမတွေ၊ မိဘ၊ ဆရာအဖွဲ့တွေ၊ ရပ်မိရပ်ဖတွေ အကုန်လုံးက ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းအကြံပြုလိုပါတယ်။

**ဒေါက်တာသန့်သော်ကောင်း။** ။ ဒီစီမံကိန်းတွေ ရေရှည်တည်တံ့ခိုင်မြဲဖို့ အရေးအကြီးဆုံးက ပူးပေါင်းဆောင်ရွက်မှုပါ။ ပူးပေါင်းဆောင်ရွက်မှုဆိုတဲ့နေရာမှာ ကျောင်းအုပ်ကြီးက အရေးကြီးပါတယ်။ သူ့ရဲ့စိတ်ဝင်စားမှု၊ တက်တက်ကြွကြွရှိမှု၊ ဘယ်လောက်အထိ စွမ်းဆောင်နိုင်မှုရှိသလဲ။ တခြားအဖွဲ့အစည်းတွေနဲ့ ဘယ်လောက်အထိ ပူးပေါင်းဆောင်ရွက်ချင်စိတ်ရှိသလဲဆိုတဲ့အပေါ် မူတည်နေပါတယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးပါတယ်။ ကျွန်တော်တို့ တစ်ဖွဲ့တည်းနဲ့ လုပ်လို့မရပါဘူး။ ကျောင်းပေါင်း ၄၇၀၀၀ လောက်ရှိပါတယ်။ အဲဒီထဲမှာ ၂၆၀၀၀ လောက်ပဲ စာကြည့်တိုက်ရှိသေးတယ်။ ဒီစီမံကိန်းတွေဆိုတာက နိုင်ငံနဲ့အဝှမ်း လုပ်ရမယ့် စီမံကိန်းတွေဖြစ်တဲ့အတွက်ကြောင့် ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ဝိုင်းဝန်းဆောင်ရွက်ပေးကြတဲ့ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မြို့နယ်ပညာရေးမှူးတွေ၊ ကျောင်းအုပ်တွေ၊ ဆရာ ဆရာမတွေ၊ Community librarian တွေကိုပါ အထူးကျေးဇူးတင်ရှိကြောင်း ပြောချင်ပါတယ်။

**ဒေါ်မြတ်စမ်းငြိမ်း။** ။ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း အနေနဲ့ကတော့ Non-Professional တွေ၊ Para-Professional တွေ၊ ခုလိုပြောတဲ့ စာကြည့်တိုက်မှူးတွေ သူတို့က စာကြည့်တိုက်မှူးတွေ လုပ်နေကြတယ်။ ဒါပေမယ့် စာကြည့်တိုက် သင်တန်း မတက်ရသေးတဲ့ ဆရာ ဆရာမတွေ အများကြီးရှိပါတယ်။ အဲဒီအတွက် ကျွန်မတို့ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းတွေက အခြေခံစာကြည့်တိုက်ပညာနဲ့ အဆင့်မြင့်စာကြည့်တိုက်ပညာဆိုပြီး နှစ်ပိုင်းခွဲပြီး တစ်နှစ်ကို နှစ်ကြိမ်အမြဲပြုလုပ်နေတာရှိပါတယ်။ စာကြည့်တိုက်လုပ်ငန်းကို လုပ်နေတဲ့သူတွေ၊ စာကြည့်တိုက်လုပ်ငန်းကို ဝါသနာပါသူတွေ၊ စာပေကိုချစ်မြတ်နိုးသူတွေ မည်သူမဆို တက်ရောက်လို့ရပါတယ်။ ဒီဇင်ဘာမှာ တစ်လသင်တန်းဖွင့်မှာဖြစ်တယ်။ အဲဒီအတွက်လည်း ဝန်ကြီးဌာနတွေ အကုန်လုံးကို စာပို့ထားပြီး ဖြစ်ပါတယ်။ ဒါက အခြေခံကစပြီး လုပ်ငန်းကျွမ်းကျင်အောင်နဲ့ စာကြည့်တိုက်ကို ချစ်မြတ်နိုးအောင် သင်ပေးလိုက်တာ ဖြစ်ပါတယ်။ တော်တော်များများ စာကြည့်တိုက်မှူးတွေ၊ ဆရာ ဆရာမတွေ လာတက်ကြပါတယ်။ အဲဒီလိုတက်ပြီးတဲ့အခါမှာ သူတို့ဟာ ကျောင်းစာကြည့်တိုက်ကို စိတ်ဝင်စားသွားတယ်။

### စာကြည့်တိုက်မှူး သီးသန့်မရှိ

ပြောချင်တာက အရင်တုန်းကရှိတဲ့ စာကြည့်တိုက်ဆိုတာ စာအုပ်ငှားရုံ သက်သက်ပဲရှိတဲ့ စာကြည့်တိုက်တွေဖြစ်ခဲ့တယ်။ အခုအခါမှာ တကယ့်ကို အသွင်ပြောင်းလာတဲ့အချိန်မှာ စာကြည့်တိုက်ဆိုတာ တကယ်ကို အားလုံးပျော်ရွှင်ပြီးတော့ စိတ်ချမ်းမြေ့မှုရတဲ့ နေရာတစ်ခုဖြစ်တယ်။ ကလေးတွေပျော်တဲ့စာကြည့်တိုက်၊ ကလေးမိတ်ဆွေ စာကြည့်တိုက်ဖြစ်အောင် ကြိုးစားတဲ့နေရာမှာ အခက်အခဲတွေ အများကြီးရှိပါတယ်။ ပထမဆုံး Budget အခက်အခဲရှိတယ်။ နောက်တစ်ခါ စာကြည့်တိုက်ဖွင့်ချိန်နည်းတယ်။ စာကြည့်တိုက်မှူးသီးသန့်မရှိဘူး။ ကျောင်းစာကြည့်တိုက် ဆရာ ဆရာမတွေက တာဝန်နှစ်ခုကို ထမ်းနေရတယ်။ အဲဒီတော့ ကျောင်းစာကြည့်တိုက်အလုပ်ကိုလည်း သူတို့ လုပ်ရတယ်။ စာသင်ခန်းထဲမှာလည်း စာသင်ရတယ်။ ဒီ Work Group နှစ်ခုကို လုပ်နေရတာက သူတို့ဝါသနာပါလို့ သူတို့လုပ်နေကြတာ ဖြစ်ပါတယ်။ သူတို့ကို ဒီ Capabilities built လုပ်တဲ့အနေနဲ့ ဒီလို Training တွေပေးလိုက်ရင် သူတို့က စာကြည့်တိုက်လုပ်ငန်းတွေကို Highly Function တွေအဖြစ် လုပ်သွားနိုင်မှာ ဖြစ်တယ်။ ဒါက တစ်ချက်ပါ။

နောက်ရွေးချယ်စရာတစ်ခုက ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းစာကြည့်တိုက်မှူး သီးသန့်တစ်ယောက် ခန့်ထားနိုင်ရင် တကယ့်ကို Functional ဖြစ်နေတဲ့ စာကြည့်တိုက်ကောင်းတစ်ခုကို အမြဲတမ်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံမှာလည်း စာကြည့်တိုက်ဘွဲ့ရ ကလေးတွေ အများကြီးရှိနေပါတယ်။ ဒီလိုဘွဲ့ရပညာတတ်တွေကို ကျောင်းရဲ့ဖွဲ့စည်းပုံထဲမှာ စာကြည့်တိုက်မှူးတစ်ယောက် ခန့်ထားနိုင်မယ်ဆိုရင် ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေး လမ်းကြောင်းမှာ အင်အားတစ်ရပ် ဖြစ်သွားမှာ ဖြစ်ပါတယ်။ မူလတန်း၊ အလယ်တန်း၊ အခြေခံပညာအထက်တန်းအဆင့်မှာ ကျောင်းစာကြည့်တိုက်တွေကို စနစ်တကျ အသုံးပြုလာတတ်ပြီဆိုရင် အဆင့်မြင့်ပညာတက္ကသိုလ်တွေ ရောက်သွားတဲ့အခါမှာ သူတို့ရဲ့ သင်ကြားရေး၊ သင်ယူရေး၊ သုတေသနပြုရေးအတွက် စာကြည့်တိုက်ကို ကောင်းကောင်း အသုံးချတတ်သွားမှာဖြစ်တယ်လို့ နိဂုံးချုပ်အနေနဲ့ ပြောလိုပါတယ်။

**ဒေါ်ယုယုတင်။** ။ ကလေးတွေကို မူလတန်း၊ အလယ်တန်းကတည်းက ဒီလိုစာကြည့်တိုက်ကို သုံးတတ်အောင်၊ ချစ်အောင်၊ စာပေကို ချစ်မြတ်နိုးလာအောင် လုပ်လာပြီဆိုတဲ့နောက် သူတို့တွေက အဆင့်မြင့်ပညာကဏ္ဍရောက်လာမယ်၊ တက္ကသိုလ်ရောက်လာပြီဆိုရင် စာကြည့်တိုက်ကို မလွဲမသွေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အနေနဲ့ Information တစ်ခုပေးချင်တာက ကျွန်မတို့ရဲ့ Website ဖြစ်တဲ့ www.uclmyanmar.org အခုလောလောဆယ်မှာတော့ တက္ကသိုလ်ကောလိပ် ၂၃ ကျောင်းရဲ့ Catalogue တွေ၊ e-resources တွေ၊ တင်ထားပါတယ်။ ဒါတွေကို ကြည့်ကြပါ။ အသုံးပြုကြပါ။ information တွေ၊ သုတေသီတွေ၊ စာတမ်းပြုစုတဲ့သူတွေ၊ ကျောင်းသား ကျောင်းသူတွေ ကြည့်ကြပါ၊ အဲဒါလေးတွေကိုလည်း Information ပေးချင်ပါတယ်။

### စာပေဆွေးနွေး

ကျွန်မတို့ စာကြည့်တိုက်ကို မလာဘဲနဲ့လည်း e-mail တို့၊ Fax တို့၊ ဖုန်းတို့နဲ့ လိုချင်တဲ့ information တွေလည်း ဖြေပေးပါတယ်။ ကျွန်မတို့ရဲ့ e-mail ကတော့ uclmyanmarlibrary @gmail.com ဖြစ်ပါတယ်။ စာကြည့်တိုက်မှာ ခေတ်မီနည်းပညာတွေနဲ့လုပ်ထားတဲ့ စာအုပ်တွေ၊ ရှေးဟောင်းစာပေတွေလည်း ရှိနေပါတယ်။ ဒါကြောင့် စာကြည့်တိုက်ကို လာရောက်ပြီး အသုံးပြုကြပါ။ စာကြည့်တိုက်မှာ လာရောက်ပြီး စာပေဆွေးနွေးလို့ရပါတယ်။ နောက်ပြီး ကျောင်းသား ကျောင်းသူတွေအတွက် တစ်ခါတလေမှာ Laptop တွေမရှိရင် စာကြည့်တိုက်အတွင်းမှာ သုံးဖို့ service ဝန်ဆောင်မှုပေးနေပါတယ်လို့ သတင်းကောင်းပေးချင်ပါတယ်။

## ပိန်လွန်းတယ်လို့ ဝေဖန်သူတွေကို စလင်းဒီယွန် တုံ့ပြန်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ စလင်းဒီယွန်ဟာ လတ်တလောမှာ အခမ်းအနားတက်ရောက်ခဲ့ရာမှာတော့ ယခင်ကထက် ပိုမိုပိန်သွားခဲ့တာကို တွေ့ရပါတယ်။ သူ့ရဲ့ဓာတ်ပုံတွေကို မီဒီယာစာမျက်နှာတွေကနေတစ်ဆင့် တွေ့ခဲ့ရပြီးနောက် တေးသံရှင်ကို ပိန်လွန်းတယ်လို့ ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။ သူ့ကို မှတ်ချက်ပြုခဲ့ကြသူတွေကို စလင်းဒီယွန်က သူ့ကို တစ်ယောက်တည်းထားပေးဖို့ ပြန်လည်တောင်းဆိုလိုက်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၅၀ အရွယ်ရှိပြီဖြစ်တဲ့ စလင်းဒီယွန်က သူ့ကို ဝေဖန်ခဲ့ကြတာနဲ့ပတ်သက်ပြီး လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ပြန်လည်တုံ့ပြန်လိုက်တာ ဖြစ်ပါတယ်။ စလင်းဒီယွန်က သူကြိုက်တဲ့အရာတွေဆို ဘာမျှပြောကြားသွားမှာမဟုတ်ကြောင်း ဆိုပါတယ်။ ဒ့ါအပြင် သူ့ကို ဝိုင်းဝန်းဝေဖန်မနေဘဲ တစ်ယောက်တည်းထားပေးဖို့လည်း တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။

## Maleficent 2 မှာ ဘုရင်မတစ်ဦးအဖြစ်ပါဝင်ထားတဲ့ ပထမဆုံးသောဓာတ်ပုံကို မီရှဲလ်ပီဖိုက်ဘာ ဖော်ပြ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်တစ်ဦးဖြစ်တဲ့ အန်ဂျလီနာဂျိုလီ ခေါင်းဆောင်ပါဝင်ထားတဲ့ရုပ်ရှင် "Maleficent 2" မှာ မင်းသမီး မီရှဲလ်ပီဖိုက်ဘာက ဘုရင်မတစ်ဦးနေရာကနေ ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ လတ်တလောမှာတော့ ယင်းရုပ်ရှင်မှာ ပါဝင်ထားတဲ့ သူ့ရဲ့ဓာတ်ပုံကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၆၀ အရွယ်ရှိပြီဖြစ်တဲ့ မီရှဲလ်ပီဖိုက်ဘာက "Maleficent 2" မှာ ဘုရင်မတစ်ဦးဖြစ်တဲ့ အန်းဂ်ရစ်အဖြစ် ပါဝင်ထားပြီး သူ့ရဲ့မျက်နှာတစ်ခြမ်းကို ရိုက်ကူးထားတဲ့ ဓာတ်ပုံကိုတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၉ ရက်မှာ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီဓာတ်ပုံမှာတော့ မင်းသမီးဟာ ဘုရင်မဝတ်စုံ၊ အပြင်အဆင်တွေနဲ့ အတော်လေး လှပနေတာကိုလည်း တွေ့ရပါတယ်။

အေးပြည့် - စုစည်းသည်



## နက်ဖလစ်ဇ်ရဲ့ ရုပ်သံအစီအစဉ်မှာ ပါဝင်ရိုက်ကူးနေတဲ့ ပါ့ခ်မင်ယောင်း

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ပါ့ခ်မင်ယောင်းဟာ ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် လတ်တလောမှာတော့ နက်ဖလစ်ဇ်က ရိုက်ကူးထုတ်လွှင့်သွားမယ့် ရုပ်သံအစီအစဉ်မှာ ပါဝင်ရိုက်ကူးနေတာဖြစ်ပါတယ်။ သူ့ရဲ့အတွေ့အကြုံနဲ့ပတ်သက်ပြီး မင်းသမီးက သေလုနီးပါးဖြစ်ခဲ့ရတယ်လို့ ပြောကြားခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်မင်ယောင်းဟာ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်အတွင်း အနုပညာလောကကို စတင်ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် ဇာတ်လမ်းတွဲတွေနဲ့ ရုပ်ရှင်တွေများစွာ ရိုက်ကူးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မင်းသမီးက အနုပညာရပ်ဝန်းမှာ နောက်ထပ် အတွေ့အကြုံသစ်အနေနဲ့ နက်ဖလစ်ဇ်ရဲ့ ရုပ်သံအစီအစဉ် "Busted"မှာ ပါဝင်ခဲ့တာ ဖြစ်ပါတယ်။

"Busted"ဟာ စုံထောက်ဇာတ်လမ်းဖြစ်ပြီး ဒီအစီအစဉ်မှာပါဝင်တဲ့ သရုပ်ဆောင်တွေဟာ အမှုတွေကို စုံစမ်းဖော်ထုတ်ရမှာဖြစ်ပါတယ်။ အဆိုပါအစီအစဉ်ဟာ အခြားသောရုပ်သံအစီအစဉ်တွေလိုမဟုတ်ဘဲ ဇာတ်ညွှန်းကို ကြိုတင်ရေးသားထားခြင်းမရှိကြောင်းလည်း သိရပါတယ်။ ဒီအစီအစဉ်မှာ ပါဝင်ခဲ့တဲ့ ပါ့ခ်မင်ယောင်းက ရိုက်ကူးရေးအတွေ့အကြုံနဲ့ပတ်သက်ပြီး ရင်ဖွင့်ခဲ့ရာမှာတော့ ပင်ပန်းလွန်းတာကြောင့် သေလုနီးပါးဖြစ်ရကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ကိုယ်တွေ့အန္တရာယ်ကင်း ဗုဒ္ဓဂုဏ်တော်များ





အန္တရာယ်အသွယ်သွယ်ကို ကာကွယ်နိုင်သည့် မောင်ရင့်ကျူး (မြောင်းမြ) စီစဉ်ရေးသားသော ကိုယ်တွေ့အန္တရာယ်ကင်း ဗုဒ္ဓဂုဏ်တော်များစာအုပ် ထွက်ရှိလာသည်။

ဘေးအန္တရာယ်အမျိုးမျိုးကျရောက်တော့မည်ဆိုပါက ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် မြတ်စွာဘုရား၏ ပရိတ်တော်၊ ဓမ္မစကြာတရားတော်၊ ဘုရားဂုဏ်တော်၊ သမ္ဗုဒ္ဓေဂါထာတော်နှင့် ပဋ္ဌာန်းဒေသနာတော်တို့ကို အားကိုးအားထားပြု ရွတ်ပွားပူဇော်ကြသည်။ ပဋ္ဌာန်းဒေသနာတော်သည် သဘာဝဘေးဒဏ်အန္တရာယ်တို့ကို ကာကွယ်နိုင်ကြောင်း မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက လက်တွေ့အနေဖြင့် တော်တော်များများကြုံခဲ့သည်ကို တစ်ဆင့်စကား တစ်ဆင့်ကြားရသည့်အနေဖြင့် ဆရာတော်ကြီး၏ တိတ်ခွေများမှ နာကြားမှတ်သားထားသည်များကို ရေးသားထားသောကြောင့် အဆိုပါစာအုပ်သည် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို – သစ္စာမဏ္ဍိုင်ပေ၊ အမှတ်–၂၊ အမှတ်–၃၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့မှ ဖုန်း–၀၁–၃၈၇၈၄၉ နှင့် ၀၉–၅၁၂၅၂၈၅ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ပါဠိတော်လာ ဒါန သီလ ဘာဝနာ မြန်မာ-အင်္ဂလိပ် အဘိဓာန်




ဒေါက်တာ ဦးဉာဏဝရ စီစဉ်ရေးသားသည့် ပါဠိတော်လာ ဒါန၊ သီလ၊ ဘာဝနာ မြန်မာ-အင်္ဂလိပ် အဘိဓာန်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပြုကောင်းသော၊ မပြုကောင်းသော ဒါနအမျိုးမျိုးကို သိရှိပြီး မှန်ကန်အကျိုးရှိ တိကျပြတ်သားစွာ ပြုလုပ်နိုင်စေရန်၊ သီလတရား၊ သီလဂုဏ်ရှစ်ပါး၊ သီလလုံခြုံခြင်း၏ ကောင်းကျိုး၊ သီလမရှိခြင်း၏ ဆိုးကျိုး၊ ဘာဝနာအလုပ် အားမထုတ်သူများ၊ အားထုတ်မှု အားထုတ်ဆဲဖြစ်သောသူများ၊ တရားအားထုတ်ရာတွင် ပြည့်စုံရမည့် အင်္ဂါရပ်ငါးပါး၊ အနှောင့်အယှက် ၁၀ မျိုး၊ သမာဓိအဆင့်ဆင့်၊ သမထဘာဝနာကျင့်စဉ် စသည်ဖြင့် ပါဠိတော်ကျမ်းများကို လေ့လာမှတ်သား ကျင့်ကြံပွားများ အားထုတ်နိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကို – သုခီစာပေ၊ အမှတ်–၁၀၊ ရွှေနှင်းဆီ–၃ လမ်း၊ ၂၅–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉– ၅၀၇၄၅၀၉ နှင့် ၀၉– ၅၀၀၉၉၂၄ တို့မှ ဖြန့်ချိသည်။**


## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ၊ မရှိကို ဘယ်သူက ဘယ်အခြေအနေမှာ စစ်ဆေးရမလဲ

လွှတ်တော်တွင် ဥပဒေကြမ်းများအား အတည်မပြုခင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့စိစစ်ရန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်တွင် အတည်ပြုချက် ရယူဆုံးဖြတ်သည်။ ပြည်ထောင်စုလွှတ်တော်၏ အဆိုပါ ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်းနှင့် ပယ်ဖျက်ပေးရန်အဆိုကို ပြည်သူ့လွှတ်တော်တွင် တင်သွင်းဆုံးဖြတ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ပေးပို့သည်။ ထို့နောက် ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အား ကန့်ကွက်ကြောင်းအဆိုကို အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သည်။


လွှတ်တော်နှစ်ရပ် အငြင်းပွားလျက်ရှိသည့် အဆိုပါကိစ္စအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ရန် နာယကက ခုံရုံးသို့တင်သွင်းလွှာ တင်သွင်းသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိသဖြင့် ပြည်သူ့လွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကိုသာ နာခံမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။ ထို့နောက် လွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်တွင် မူလက ဆုံးဖြတ်ခဲ့သည့် အဆိုကို ပယ်ဖျက်ကြောင်းဆုံးဖြတ်ခဲ့ပြီး ခုံရုံးသို့ တင်သွင်းသည့် တင်သွင်းလွှာအား ပြန်လည်ရုပ်သိမ်းခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိအား ဘယ်သူက ဘယ်အခြေအနေမှာ စစ်ဆေးရမလဲဆိုသည်ကို သာမန်ပြည်သူများအနေဖြင့် သိနိုင်ရန် အလှမ်းဝေးနေသည် ဆိုသော်လည်း ဥပဒေပြုသူများ၊ ဥပဒေပညာရှင်များ၊ ဥပဒေနှင့်အသက်မွေးဝမ်းကျောင်း ပြုနေသူများအနေဖြင့် ဂဃနဏ သိရှိလေ့လာထားရန် လိုအပ်ကြောင်းကို ဤစာအုပ်က လေ့လာသုံးသပ် တင်ပြထားသည်။

**စာအုပ်ကို Myanmar Heritage Publications ဖုန်း ၀၉–၉၆၄၂၄၃၈၉၃ မှ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**




## ရခိုင်သမိုင်းဆိုင်ရာ နိုင်ငံတကာပညာရှင်များရှင်းလင်းပွဲ





ဦးကျော်သောင်း (ရခိုင်ဆိုင်ရာ နိုင်ငံတကာပညာရှင်များ ရှင်းလင်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ) စီစဉ်ထုတ်ဝေသည့် ရခိုင်သမိုင်းဆိုင်ရာ နိုင်ငံတကာပညာရှင်များရှင်းလင်းပွဲစာအုပ် ထွက်ရှိလာသည်။

ရခိုင်လူမျိုးများသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများဖြစ်ပြီး ယခင်နှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်လာသည့် လူမျိုးတစ်မျိုးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးဟုဆိုပြီး ရခိုင်ဘုရင်များ အုပ်ချုပ်သည့်ခေတ်ရှိခဲ့ကြောင်း၊ ဓညဝတီခေတ်ကတည်းက ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ဘုရားပုထိုးစေတီများသည် ဗုဒ္ဓဘာသာကို ရခိုင်လူမျိုးများ ခေတ်အဆက်ဆက် ယုံကြည်ကိုးကွယ်သည်ကို သက်သေပြနေသည်။ အနုသုခုမအတတ်ပညာအမျိုးမျိုးကို ရခိုင်လူမျိုးများ တတ်မြောက်နေကြကြောင်း သိရှိနိုင်သည်။

**စာအုပ်ကို – ဂျာနယ်လစ်စာပေ၊ အမှတ်–၃၅၊ အာသာဝတီလမ်း၊ ၄၀–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉–၂၆၁၇၇၈၆၀၇ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့်ဖြန့်ချိသည်။**

## ပြန်လှန်စစ်မေးခြင်းပညာ




ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် ပြန်လှန်စစ်မေးခြင်းပညာ စာအုပ်ထွက်ရှိလာသည်။

ပြန်လှန်စစ်မေးရာတွင် အရေးကြီးသည်မှာ မည်သည့်မေးခွန်းကို မည်သည့်အချိန်တွင် မည်ကဲ့သို့မေးမြန်းရမည်ဆိုသောအချက်ကို မေးမည့်ပုဂ္ဂိုလ်ကိုယ်တိုင် သဘောပေါက်ထားဖို့ဖြစ်သည်။ ပါရမီအခံဆိုင်ရာ အကင်းပါးမှု၊ လာဘ်မြင်မှုနှင့်သာ ဆိုင်သည်။ အကင်းပါးမှု၊ လာဘ်မြင်မှုများ လျော့ပါးလာသည်နှင့်အမျှ ပြန်လှန်စစ်မေးမှုများ တုံ့ဆိုင်းသွားတတ်သည်။ အသက်မပါသော မေးခွန်းများ ဖြစ်သွားတတ်သည်။ တစ်ဖန် မည်သည့်မေးခွန်းကို မည်သည့်အချိန်တွင် မည်ကဲ့သို့မေးမြန်းရမည်ကိုသိသော်လည်း လုပ်ထုံးလုပ်နည်း သက်သေခံဥပဒေပါ အချက်အလက်များကို ကျေညက်ထားရန် လိုကြောင်း ရေးသားထားသည်။


**စာအုပ်ကို – မယ်နှင့်မောင်စာပေတိုက်၊ အမှတ်–၁၂၄၊ အခန်း–၁၀၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့ ဖုန်း–၀၁– ၂၄၃၆၁၄ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မြန်မာခေတ်ပြိုင် ပထဝီဝင်အတွေးများ

ပါမောက္ခ ဒေါက်တာအေးမြင့် စီစဉ်ရေးသားသည့် မြန်မာခေတ်ပြိုင်ပထဝီဝင်အတွေးများစာအုပ် ထွက်ရှိလာသည်။

ပထဝီဝင်နိုင်ငံရေးကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပေါ်တွင် များစွာမူတည်ကြောင်း၊ ထို့အတူ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာဖြစ်သော မြို့ပြမြေအသုံးချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့်အတူ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍတို့သည်လည်း နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်တို့နှင့် ပတ်သက်၍ ခေတ်ပြိုင်ကာလတစ်ခုအတွင်း အထင်အရှားတွေ့မြင်ရသောအကြောင်းအရာများအပါအဝင် စာရေးသူ၏ ဝေဖန်သုံးသပ်မှုများကို စုစည်းရေးသားထားသည်။


**စာအုပ်ကို – ဗမာအမျိုးသမီးစာပေမှ ဖုန်း–၀၉– ၅၀၄၇၃၅၆ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**




## Teaching Aid Series Learn C

ဦးအောင်မြင့် (M.E.,Australia) စီစဉ်ရေးသားသည့် Teaching Aid Series Learn C စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သိပ္ပံနှင့်နည်းပညာ၊ ကွန်ပျူတာကျောင်းသားများနှင့် ကွန်ပျူတာလေ့လာသူများအတွက် သင်ထောက်ကူအဖြစ် ရည်ရွယ်၍ ရေးသားထားသည်။ စာရေးသူအနေဖြင့် C Language ကို လွယ်ကူစွာလေ့လာနိုင်စေရန် ကြိုးစားရှင်းလင်းရေးသားထားသဖြင့် လေ့လာသူများ လွယ်ကူနိုင်မည်ဖြစ်သည်။ စာရေးသူအနေဖြင့် C Program(100) ကျော်ကို DVD ထဲတွင် ထည့်ပေးထားသဖြင့် တိုက်ရိုက်လေ့လာ တွက်ချက်နိုင်ရန်အတွက် များစွာအထောက်အကူပြုနိုင်ပါသည်။ လွယ်ကူရှင်းလင်းသော C Installer တစ်ခုကိုလည်း DVD တွင် ထည့်သွင်းပေးထားသည်။




**စာအုပ်ကို – အောင်မြင်စာပေ၊ အမှတ်(၇)သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁– ၅၄၁၇၄၅ နှင့် ၀၁– ၅၅၂၁၀၃ တို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။**


THE CENTRAL
WHERE THE FINEST MEET
AWARD - WINNING DEVELOPMENT
BY INYA LAKE
HOTLINE
+959 777 773 770
PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar
thecentralyangon
thecentral.com.mm
INYA LAKE
PYAY ROAD
PARAMI ROAD
KABAR AYE PAGODA ROAD
UNIVERSITY AVENUE ROAD
INSEIN ROAD
KANBE ROAD
ELEVATED LIVING IN MYANMAR'S BEST ADDRESS

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်သိန်း

### အသက်(၆၃)နှစ်

ရန်ကုန်မြို့ တာမွေ၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ တိုက် 457-459 No-003 နေ (ဦးမောင်လှ-ဒေါ်အုံးကြည်)တို့၏ ဆဋ္ဌမမြောက်သမီး၊ ဦးသန်းလှ (ခေတ္တ-စင်ကာပူ)၏ ဇနီး၊ ဝေယံဟိန်း-Natalin တို့၏ ချစ်လှစွာသောမိခင်၊ Noella ၏ အဘွား သည် ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးမင်း

တပ်မတော်-ရေ၊ ငြိမ်း

Interocean Shipping Co.,

### အသက် (၈၅) နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၇ ရပ်ကွက်၊ တိုက်(၆)၊ အခန်း(၁၉)၊ နာနတ်တောလမ်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းအိမ်ရာနေ (ဦးကောက်-ဒေါ်သိန်းတင်)တို့၏သားကြီး၊ (ဒေါ်မြင့်မြင့်စိုး)၏ခင်ပွန်း၊ ဦးသန်းဌေး၊ ဦးထိုင်ငြိမ်း၊ ဦးမောင်ဝင်း-ဒေါ်ထား၊ ဒေါ်ရင်ရင်မြ၊ ဦးခွေးလေးတို့၏ အစ်ကိုကြီး၊ ဦးသက်စိန်(ဦးကျော်ဦး)-ဒေါ်ထားထားအေး၊ (ဦးဌေးမင်း)၊ ဦးအေးမင်း(KTA Co.,)-ဒေါ်ခင်ပပအောင်တို့၏ဖခင်၊ ဦးအောင်ဇေယျာဟိန်း (Electronic Technician)-ဒေါ်ခင်မျိုးအေး(MRTV)၊ ဦးဝင်းထွဋ်ဦး (Uniteam Co., Ltd)-ဒေါ်ဖြူသက်မင်း(KBZ Bank)တို့၏အဘိုး၊ မောင်မင်းမိုးချိမ့်၊ မရွှေတိမ်လွှာထွဋ်တို့၏ အဘိုးသည် ၂၉-၁-၂၀၁၉ (အင်္ဂါ နေ့) ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကား နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်အေးမူ

### အသက်(၅၈)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလ္လကုန်းဌေးကြွယ်(က)ရပ်ကွက်၊ အမှတ်(၁)၊ သုဒဿနလမ်းနေ (ဦးသန်းမောင်-ဒေါ်ကျင်ငွေ)တို့၏ သမီး၊ ဦးစိန်အောင်တင်၏ ချစ်လှစွာသောဇနီး၊ မောင်ဟိန်းသူရလင်း၊ မောင်ကောင်းခန့်တို့၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်ခင်အေးမူသည် ၂၉-၁-၂၀၁၉ (အင်္ဂါနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးဝင်း [ကိုရင်စိုး(မြန်မာစာ)]

### အသက်(၆၇)နှစ်

ဦးစိုးဝင်း [ဒါရိုက်တာအတွင်းရေးမှူး၊ ဂျီအီးစီ(ပညာရေး)သမဝါယမအသင်းစုချုပ် လီမိတက်၊ ရန်ကုန်]သည် ၂၉-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ရုံးဝန်ထမ်းများ**

**ဂျီအီးစီ(ပညာရေး)သမဝါယမအသင်းစုချုပ် လီမိတက်**

**ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

ဦးသန့်ဇော်ကို CEO(Doaru Cosmetic)-Dr. သဲနုဝေတို့၏ မွေးသဖခင် ဦးစံတင် (ကြေးမုံသတင်းစာတိုက်-ငြိမ်း) အသက်(၆၆)နှစ်သည် ၂၈-၁-၂၀၁၉ (တနင်္လာနေ့) ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအလှကုန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

ဦးသန့်ဇော်ကို CEO(Doaru Cosmetic)-Dr. သဲနုဝေတို့၏ မွေးသဖခင် ဦးစံတင် (ကြေးမုံသတင်းစာတိုက်-ငြိမ်း) အသက်(၆၆)နှစ်သည် ၂၈-၁-၂၀၁၉ (တနင်္လာနေ့) ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပုလဲစာပေ မိသားစု**

**တောင်တွင်းကြီး**

# အနိစ္စ

## ဦးသန်းအောင်

သန်းအောင် (စက်မှုလက်မှု)

### အသက် (၇၅) နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ ပြည်လုံးချမ်းသာလမ်း၊ အမှတ်(၄၀၈)နေ (ဦးမောင်တင်-ဒေါ်ကုလားမ)တို့၏သား၊ (ဦးမောင်ချိန်-ဒေါ်မြသောင်း)တို့၏သားသမက်၊ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ (ဦးကျော်သူ)-ဒေါ်ချိုချိုခိုင်၊ ဦးစိုးမိုးဟန်-ဒေါ်တင်မာညို၊ ဗိုလ်မှူးကျော်မောင်မောင်လွင်-မမြတ်မွန်အောင်၊ မောင်ထွန်းထွန်း-မလဲ့မွန်အောင်၊ မောင်ကျော်သီဟ-မစုဝေမွန်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကား များ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် အထက်ပါ ဒဂုံတောင်ပိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အကောက်ခွန်ဝန်ထမ်းဟောင်းများ အသင်း

## ဦးစိန်သန်း

### အသက်(၇၁)နှစ်

လက်ထောက်အကောက်ခွန်မှူး-ငြိမ်း

ရာသက်ပန်အသင်းဝင် အမှတ်(၉၂၇)၊ ဦးစိန်သန်းသည် ၂၉-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဆရာဦးခင်မောင်သန်း (မဟာမြိုင်ခတ်နန်း) (ခ) Dennis Khin(ခ)ဂျာမနီ

စိန်ပေါကျောင်းသားဟောင်း

### အသက်(၆၃)နှစ်

ရန်ကုန်မြို့ အမှတ်(၆၇၊၆၉)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်နေ (ဒေါ်ခင်ညွန့်)၏ မြေး၊ (ဦးခင်မောင်ကလေး-ဒေါ်ခင်မြမေ)တို့၏ သားလတ်၊ ပါမောက္ခ ဒေါက်တာဒေါ်ရစ်ခင်(သင်္ချာဌာန၊ စစ်တွေတက္ကသိုလ်-ငြိမ်း)၏မောင်၊ ဒေါ်ဝင်နီခင်၏အစ်ကို၊ ဒေါ်ခင်အိရွှေစင်-ဦးနန္ဒဇော်၊ တရားလွှတ်တော်ရှေ့နေ ဦးအောင်မျိုးခင်-ဒေါ်ဟေမာန်မြတ်ချိုတို့၏ ဘကြီး၊ မောင်ဖွဲ့အောင်မာန်၊ မောင်အောင်ဘုန်းစကြာတို့၏ ချစ်လှစွာသောအဘိုး ဦးခင်မောင်သန်းသည် ၂၉-၁-၂၀၁၉ ရက် ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၉ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအဟွတ် (ခ) ဦးအငေ့ (မြောင်းမြ၊ ကြာကန်)

(ငွေတိုက်-အပေါင်ဆိုင်) တာမွေ

### အသက် (၉၆) နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလ္လကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၉၈)နေ (ဒေါ်ကျင်မြ)၊ ဒေါ်ကျင်နုတို့၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်-ဒေါ်သန်းသန်းချို၊ (ဦးချစ်စိန်)-ဒေါ်ညိုညိုတင့်၊ ဦးစံကို-ဒေါ်ကြူကြူခင်၊ ဒေါ်စန်းစန်းမွှေး-[ဦးထွန်းဝင်း(ရွှေတိုက်-အပေါင်ဆိုင်၊ တောင်ဒဂုံ)]၊ ဦးမောင်မောင်ကြည်-ဒေါ်စန်းစန်းဌေး၊ ဒေါ်ကျင်ထွေး-ဦးကျော်ကျော်ဦး(ရွှေတိုက် II- အပေါင်ဆိုင်၊ ဗဟန်း)၊ မောင်အောင်သူဟိန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၀-၁-၂၀၁၉ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## တန်ကျင်တီ(ခ)ဒေါ်ကျင်ရီ

### အသက်(၈၇)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၂၉)၊ တတိယထပ်၊ ဝါးတန်းလမ်းနေ (ဦးအတူး)၏ ဇနီး၊ ဒေါ်တင်တင်ခိုင်၊ ဒေါ်တင်တင်မြင့်-ဦးကျော်စိုး၊ ဦးလှဝင်း-ဒေါ်ဝင်းဝင်းမာ၊ ဒေါ်တင်လေအေး-(ဦးထွန်းဦး)၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြမြအေး၊ ဦးရွှေဝင်း-ဒေါ်သီတာသိန်း၊ ဒေါ်သီတာအေး တို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ချွာအန္နာ (ခ) ဒေါ်ဝင်းမြင့်

သိမ်ကြီးဈေး၊ ဘီရုံ-၂၆၃

### အသက် (၆၈) နှစ်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၁၈၆)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်းနေ (ဦးချွာအင်ကိုင်း-ဒေါ်စိန်ကြည်)တို့၏သမီးကြီး၊ ဦးကျော်ဆန်း (Assumption University BKK)-ဒေါ်တင်တင်ထွေး၊ ဒေါ်ခင်စု(အထက-၄၊ ဗိုလ်တထောင်)၊ ဒေါက်တာမြင့်သိန်း(ဆေးရုံအုပ်ကြီး၊ ညောင်ဦး)-ဒေါ်ကြင်ကြင်သိန်း၊ ဒေါ်စန်းစန်းနု-ဦးကျော်မိုးခိုင်(S'pore)၊ ဒေါ်အေးအေးကြည်၊ (ဦးမောင်ရွှေ)-ဒေါ်အေးအေးမြ၊ ဒေါက်တာအောင်ဟိန်း၊ ဒေါ်အေးသီတာ(M.O.B)-ဦးသောင်းမြင့်၊ ဒေါ်စန္ဒာဝင်းတို့၏ ချစ်လှစွာသောအစ်မကြီး၊ တူခြောက်ယောက်တို့၏ချစ်လှစွာသောအဒေါ်ကြီး ဒေါ်ချွာအန္နာ(ခ)ဒေါ်ဝင်းမြင့်သည် ၂၉-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းသိန်း

### အသက်(၆၁)နှစ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ငြိမ်း)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ဆက်တင်ဌာနစိတ်မှ ဦးဝင်းသိန်း အသက်(၆၁)နှစ် (ငြိမ်း)သည် ၂၈-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း**

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ကြည်ကြည်

(ဆရာမကြီး-ငြိမ်း၊ ဇီးကုန်း)

### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ အမှတ်(၈၆၄)၊ ရေနံ့အရာထမ်းရပ်ကွက်၊ တိုက်ကြီးကုန်းနေ [ဦးမျိုးထွန်း(ခ) ကိုဘိုကြီး]၊ ဦးတင်ထွန်းလင်း-ဒေါ်ခင်မမိုး (အမှတ်-၁၊ ရေနံချက်စက်ရုံ၊ သန်လျင်) တို့၏ ချစ်လှစွာသောမိခင်၊ ဆရာကြီး ဦးယောမောင်(ငြိမ်း၊ ဇီးကုန်း)၏ ချစ်လှစွာသောဇနီး၊ မောင်လင်းသစ်ထွန်း၊ မောင်ညီသစ်ထွန်းတို့၏ ချစ်လှစွာသောဘွားဘွားကြီး ဆရာမကြီး ဒေါ်ကြည်ကြည် (ငြိမ်း)သည် ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၃ နာရီတွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး အမိုးနီခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အောက်မေ့ဘွယ်ဝတ်ပြုကိုးကွယ်ခြင်းကို ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ တန်ဆောင်း၊ ကုဋီ၊ ဒါယကာကြီး

## ဦးစိန်သန်း

(လက်ထောက်အကောက်ခွန်-ငြိမ်း)

### အသက်(၇၁)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ အမှတ်(၃၅)၊ အနော်မာ(၁၈)လမ်း၊ အရှေ့(၂/မြောက်)ရပ်ကွက်နေ (ဦးလှရွှေ-ဒေါ်သန်းကြည်)တို့၏ သား၊ ဒေါ်မြသိန်းကြည်၏ ခင်ပွန်း၊ မမြင့်မြင့်ဦး၊ ကိုဝင်းနိုင်ဦး-မစန်းစန်းကြည်၊ မနီလာဦး၊ မတင်မိုးဦး၊ မအေးနန္ဒာဦးတို့၏ ဖခင်၊ မသက်နှင်းဇာ၊ မပပ၊ မောင်မင်းမြတ်မဟော်၊ မထည်ဝါလင်းလတ်တို့၏ ဘိုးဘိုးကြီး ဦးစိန်သန်းသည် ၂၉-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်း (ရင်းငြိမ်)

### အသက် (၈၆) နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ရင်းငြိမ်(တောင်)ကျေးရွာနေ (ဦးစံလင်း-ဒေါ်သင်းခင်)တို့၏ သမီး၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ်(၁၄၉)နေ (ဦးတန်အိဖောင်)၏ ဇနီး၊ (ဦးမြင့်ဦး)-ဒေါ်မော်မော်၊ ဒေါ်တင်မြင့်ရီ၊ Dr.ဝင်းကျော်(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ပြည်တက္ကသိုလ်)-Dr.အေးအေးလွင်(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ လှိုင်ကော်တက္ကသိုလ်)၊ (ဦးတင်နိုင်ထွန်း)-ဒေါ်ခင်စန်းလွင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဗိုလ်ကြီးမျိုးသက်အောင်-ဒေါ်နှင်းသီရိမင်းဦး၊ ကိုစောအောင်ဖြိုး-မမြတ်သီရိမင်းဦး၊ မသဇင်အောင်၊ မောင်သန့်ဇင်အောင်(သတ္တမတန်း-B၊ TTCကမာရွတ်)၊ မဝတ်ရည်ထွန်း (ပဥ္စမတန်း-K၊ TTC ကမာရွတ်)တို့၏ဘွားဘွားကြီး ဒေါ်ခင်သန်းသည် ၂၉-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၉ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဌေးရီ (ထုံးဘို)

### အသက် (၇၅) နှစ်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အောင်စေတီလမ်းသွယ်(၂)၊ အမှတ်(၈၈၀/A)နေ [ဦးကြည်ဝင်း(ပါမောက္ခချုပ်-ငြိမ်း၊ အရှေ့ပိုင်းတက္ကသိုလ်)]၏ဇနီး၊ ဒေါ်ခိုင်ခိုင်ကြည်ဝင်း၊ (ကိုသူရိန်ကြည်ဝင်း)၊ ဒေါ်သူဇာကြည်ဝင်းတို့၏မိခင် ဒေါ်ဌေးရီသည် ၃၀-၁-၂၀၁၉ ရက် နံနက် ၀၀း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်မြမြ

### အသက် (၇၂) နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေးလမ်းမ၊ အမှတ်(၁၇၀)နေ (ဆရာကြီးဦးနောင်ရွှေ-ဒေါ်လှရင်)တို့၏ သမီးကြီး၊ (ဦးမောင်ငယ်-ဒေါ်ခင်ထွေး)တို့၏ သမီးချွေးမ၊ ဦးအောင်မင်း(ဆည်မြောင်းဦးစီးဌာန)၏ဇနီး၊ ဦးကျော်ဆွေ(အင်း၀) (SNG Global Korea)-ဒေါ်ချောချောအောင်၊ ဦးသက်အောင်-ဒေါ်စုစုအောင်တို့၏မိခင်၊ ကိုအောင်ကျော်ဇင်-မသီဂီကျော်၊ ကိုသူရဝင်း-မသက်အိဆွေ၊ ကိုဇေယျာနောင်(MRTV-4)၊ မရူပါအောင်၊ မောင်ဉာဏ်လင်းထက်၊ မောင်ဇင်လင်းထက်၊ မဇွန်လဲ့နှင်းတို့၏အဘွား၊ တူ/တူမ ၁၄ ယောက်တို့၏ အဒေါ်သည် ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်မြမြ

### အသက် (၇၂) နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေးလမ်း၊ အမှတ်(၁၇၀)နေ (ဦးမောင်ငယ်-ဒေါ်ခင်ထွေး)တို့၏ သမီးချွေးမ၊ (ဦးနောင်ရွှေ-ဒေါ်လှရင်)တို့၏ သမီး၊ ဦးသက်တင်-(ဒေါ်လှကြွယ်)၊ (ဦးဖေဝင်း)-ဒေါ်အုန်းကြည်၊ (ဦးနေဝင်း)-နော်ဒွေးခင်၊ (ဦးကျော်မြင့်-ဒေါ်အေးအေးမြင့်)၊ (ဒေါ်ခင်ခင်ကြီး)၊ ဒေါ်စန်းစန်းမြင့်၊ ဦးကျော်လွင်၊ ဒေါ်ညိုညိုဝင်း၊ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)-ဒေါ်စိုးစိုးဝင်း(ဗိသုကာ-ချင်စု)၊ ဦးမောင်မောင်-ဒေါ်ရီရီနွဲ့၊ ဦးတင်စိုး-ဒေါ်အေးမြင့်သင်းတို့၏ ညီမ /အစ်မ၊ ဦးအောင်မင်း(ဆည်မြောင်းဦးစီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်မြမြသည် ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယိကာမကြီး

## ဒေါ်မြမြ

### အသက်(၇၂)နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေးလမ်းမ၊ အမှတ်(၁၇၀)နေ (ဦးနောင်ရွှေ-ဒေါ်လှရင်)တို့၏ သမီးကြီး၊ (ဦးမောင်ငယ်-ဒေါ်ခင်ထွေး)တို့၏ သမီးချွေးမ၊ ဦးအောင်မင်း(ဆည်မြောင်းဦးစီးဌာန-ငြိမ်း)၏ ဇနီး၊ ဦးခင်မောင်သိန်း-ဒေါ်ခင်စန်းမူ၊ (ဦးစန်းအောင်-ဒေါ်ကြည်ကြည်အေး)၊ (ဦးတင်အေး)-ဒေါ်ခင်ချိုသန်း၊ (ဦးမောင်မောင်)တို့၏ ညီမ/အစ်မ၊ ဦးကျော်ဆွေ-ဒေါ်ချောချောအောင်၊ ဦးသက်အောင်၊ ဒေါ်စုစုအောင်တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား၊ တူ/တူမ ၁၄ ယောက်တို့၏ အဒေါ် ဒေါ်မြမြသည် ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရန်ကုန်မြို့ပတ်ရထားလမ်း သံလမ်းကူးနေရာများ အဆင့်မြှင့်တင်ဆောင်ရွက်မည်



ရန်ကုန်မြို့ပတ်ရထားလိုက်ပါစီးနင်းမည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များကို ရန်ကုန်ဘူတာကြီး၌ တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့ပတ်အနောက်ခြမ်းဖြစ်သော အင်းစိန်-ကြည့်မြင်တိုင်ဘူတာကြား လမ်းပိုင်းရှိ ကားလမ်းနှင့်ရထားလမ်း ဆက်သွယ်ထားသော သံလမ်းကူးနေရာများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၇ ရက်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အင်းစိန်-ကြည့်မြင်တိုင်ဘူတာကြား လမ်းပိုင်းရှိ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၏ အတွင်းပတ်လမ်းဖြစ်သော ရွာမကျောင်းလမ်း သံလမ်းကူးနေရာ အဆင့်မြှင့်ပြုပြင်မည့်လုပ်ငန်းကို ဧရိယာအပိုင်း နှစ်ပိုင်းခွဲထားပြီး ပထမပိုင်းကို ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်၊ ဒုတိယပိုင်းကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပါရမီလမ်း သံလမ်းကူးနေရာ အဆင့်မြှင့်တင်မှုလုပ်ငန်းကိုလည်း ပထမပိုင်းအနေဖြင့် ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ၊ ဒုတိယပိုင်းကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၄ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ကမာရွတ် ဘူတာရုံလမ်း သံလမ်းကူးနေရာ အဆင့်မြှင့်တင်မှုလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ၊ အုတ်ကျင်းဘူတာရုံလမ်း သံလမ်းကူးနေရာ အဆင့်မြှင့်တင်မှုလုပ်ငန်းကို ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❍

# မြန်မာ ယူ-၂၂၊ ယူ-၁၈ အသင်းနှင့် ဂျပန်ကလပ် နီဂါတာအသင်းတို့ ခြေစမ်းပွဲများ ကစားမည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားမှုအရ စင်ကာပူလိဂ်တွင် လာရောက်ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းသည် မတ်လတွင် မြန်မာနိုင်ငံသို့ လာရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် မတ် ၇ ရက်တွင် မြန်မာ ယူ-၁၈ အသင်းနှင့် နီဂါတာအသင်း၊ မတ် ၉ ရက်တွင် မြန်မာ ယူ-၂၂ အသင်းနှင့် နီဂါတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။



မြန်မာ ယူ-၁၈ အသင်း နည်းပြချုပ် ဦးစိုးမြတ်မင်း သင်ကြားနေစဉ်။

မြန်မာ ယူ-၁၈ အသင်းမှာ အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်လျက်ရှိသည်။

မြန်မာ ယူ-၁၈ အသင်းသည် ကစားသမားများ ပွဲအတွေ့အကြုံရစေရန် MFF Youth အသင်းအမည်ဖြင့် MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းကို ပဏာမ ကစားသမား ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး လူငယ်လိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသောကြောင့် ပြိုင်ပွဲနီးမှသာ နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် မတ် ၂၂ ရက်မှ ၂၆ ရက်အထိ ယှဉ်ပြိုင်ရမည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံ ယူ-၂၂ ပြိုင်ပွဲအတွက် ရွေးချယ်ထားသည့် ကစားသမား

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❖



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယူ-၁၆ အမျိုးသမီးအသင်း ခြေစမ်းကစားနေစဉ်။

# မြန်မာ ယူ-၁၉ နှင့် ယူ-၁၆ အမျိုးသမီးအသင်း ခြေစမ်းပွဲကစား

**ရန်ကုန် ဇန်နဝါရီ ၃၀**

၂၀၁၉ အာရှ ယူ-၁၉ ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် လေ့ကျင့်နေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ၂၀၁၉ အာရှ ယူ-၁၆ ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် လေ့ကျင့်နေသည့် ယူ-၁၆ အမျိုးသမီးအသင်းသည် ယနေ့ နံနက်ပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသည်။

**မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း-ခြောက်ဂိုး**
**မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း -နှစ်ဂိုး**

မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းထားသည့် နှစ်သင်းစလုံးရလဒ်ထက် ခြေစစ်ပွဲမတိုင်မီ ပြင်ဆင်မှုပြုလုပ်ရန် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ ယူ-၁၉ အသင်းမှာမူ ယူ-၁၆ အသင်းထက် အဘက်ဘက်မှ အသာရထားသောကြောင့် ဂိုးပြတ်နိုင်ပွဲပါ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး လေးမိနစ်မှာပင် စန်းသော်သော်က အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ပွဲအစတွင် ယူ-၁၆ အသင်း ကစားကွက်တည်မရသေးဘဲ ၁၀ မိနစ်တွင် လင်းမြင့်မိုရ်က ယူ-၁၉ အသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ၂၇ မိနစ်တွင် မြတ်နိုးခင်က ယူ-၁၆ အသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းသော်လည်း ယူ-၁၉ အသင်း တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် မိနစ် ၃၀ တွင် နွယ်နီဝင်းနှင့် ၃၆ မိနစ်တွင် မိုးမိုးသန်းတို့က ဂိုးများထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ယူ-၁၉ အသင်းက လေးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် ယူ-၁၆ အသင်းက တိုက်စစ်အားမြှင့်လာရာ ပိုဖိကစားနိုင်ခဲ့ပြီး ၄၆ မိနစ်တွင်

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❒

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
မူလတန်းအတွက် အထူးစီစဉ်ထားရှိမှု
ပညာရေး အဆင့်မြင့် ဝန်းသွင်း ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
(ORANGE SUPER MART)
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
မြန်မာစာ-ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ်စာ-ဆရာနေအုပ်(စိန်ပေါလ်)
-ဂုဏ်ထူးဦးအောင်ခိုင်
သင်္ချာ-ဒေါက်တာညီညီ(Ph.D)
ရူပဗေဒ-ပါမောက္ခ ဒေါက်တာထွန်းခင်
ဓာတုဗေဒ-ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
-ဆရာ ဇော်လင်းအောင်
ဇီဝဗေဒ-ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
ဘောဂဗေဒ-စိုင်းစိန်မြင့်အောင်
ဆရာမ ဒေါ်ကြည်ကြည်တင် M.Sc (Final)
စာမေးပွဲဖြေဆိုနေသူများအတွက် အစဉ်အလာ ကြီးမားလှစွာသော
နွေမြန်မာစာ
စာစီစာကုံးတန်းများ
၈၊ ၉၊ ၁၀ သင်ရိုးကုန်တန်းခွဲများ
မတ်လ (၉) ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ